# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၆ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၇၇)


# မြန်မာနိုင်ငံ၏ကုန်သွယ်မှု ၂၀၁၆ ခုနှစ်၌ ကန်ဒေါ်လာ ၂၉ ဒသမ ၂ ဘီလီယံအထိ မြင့်တက်ခဲ့

## ဒုတိယသမ္မတ ဦးမြင့်ဆွေ အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၌ မိန့်ခွန်းပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘိုအောမြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

**ဘိုအော မတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီတွင် ဘိုအောမြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး (Boao Forum For Asia Annual Conference 2017) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ခေတ္တတည်းခိုသည့်ဟိုတယ်မှ Boao International Conference Center သို့ရောက်ရှိရာ ဘိုအောဖိုရမ်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျန်းဖေရန်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီ၊ အာရှဒေသ

စာမျက်နှာ ၃ ကော်လံ ၁ ✳

**စာဖတ်ဝါသနာပျိုးထောင်ရန် အကောင်းဆုံးအရွယ်မှာ ကလေးအရွယ်ဖြစ်သည့်အတွက် ကလေးစာပေပွဲတော်များ ကျင်းပခြင်းဖြစ်**

စာမျက်နှာ - ၄



**ဖိလစ်ပိုင်သမ္မတ ဒူတာတေး တရုတ်သို့ မေလတွင် သွားရောက်မည်**

စာမျက်နှာ - ၁၀

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်

ရခိုင်ပြည်နယ်၏ ပကတိအခြေအနေသည် ထိလွယ်ရှလွယ်ပြီး ဖြေရှင်းရန် စိန်ခေါ်မှုကြီးမားနေဆဲ အခြေအနေဖြစ်ပါသည်။

လူမျိုးရေး၊ ဘာသာရေး ကွဲပြားခြားနားသည့် လူ့အဖွဲ့အစည်း နှစ်ရပ်ကြားမှ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် ပဋိပက္ခနှင့် တင်းမာမှုများ၊ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့် အခြေအနေနှင့် ဆင်းရဲမွဲတေမှုမြင့်မားသည့် အခြေအနေများအပြင် အတိတ်ကာလ တစ်လျှောက် ချမှတ်လုပ်ကိုင်ခဲ့သည့် မူဝါဒနှင့် စီမံခန့်ခွဲမှုများ၏ အားနည်းချက်များကြောင့် ရခိုင်ပြည်နယ်မှ ပြဿနာများသည် ရှုပ်ထွေးနက်ရှိုင်းသလောက် ဖြေရှင်းရန်မလွယ်ကူကြောင်း ရခိုင်ပြည်နယ်ဆိုင်ရာ သုတေသီတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် Jacques Leider က ပြောကြားခဲ့သည်။

နိုင်ငံတကာ မီဒီယာများအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ခံစားချက်နှင့် ၎င်းတို့၏ အကျိုးစီးပွားတို့ကို မျက်ကွယ်ပြုကြသည့်အပြင် အစွန်းရောက် လူမျိုးရေးဝါဒီများအဖြစ် ရည်ရွယ်ချက်ရှိရှိ ပုံဖော်ခဲ့ကြသည်။ ရခိုင်ပြည်နယ်၏ ပြဿနာများအပေါ်တွင်လည်း ဘာသာရေးအရ ခွဲခြားဖိနှိပ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအဖြစ် ကာလရှည်လျားစွာ အချိန်ယူပြီး ပုံဖော်ရေးသားထုတ်လွှင့်ခဲ့ကြသည်။ စင်စစ်အားဖြင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခပြဿနာများကို ဖြေရှင်းရာတွင် နိမ့်ကျနေသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြင့်မားနေသည့် ဆင်းရဲမွဲတေမှု အခြေအနေတို့ကို ဖြေရှင်းပေးခြင်းဖြင့်သာ အခြေခံအကျဆုံးသော အကြောင်းတရားတို့ကို စတင်ကိုင်တွယ်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

တစ်နှစ်သက်တမ်းရှိလာပြီဖြစ်သည့် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်တာဝန်ကိုရယူပြီး ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် ရခိုင်အရေးကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းမှုများ စတင်လုပ်ဆောင်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှု တိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ" ကို လည်းကောင်း၊ ရခိုင်ဒေသ၏ ပြဿနာရပ်များကို ရေရှည်တည်တံ့သော အဖြေရရှိရေးအတွက် "ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်" ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကို ဦးဆောင်စေ၍လည်းကောင်း အသီးသီး ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နယ်ခြားစောင့်ရဲဌာနချုပ်နှင့် ရဲစခန်းများ လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ပြီး နောက်ဆက်တွဲစွပ်စွဲချက်များ ထွက်ပေါ်လာရာတွင်လည်း ဒုတိယသမ္မတ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းကာ အလေးအနက်ထား ဆောင်ရွက်ခဲ့သည်။ စွပ်စွဲမှုများ ခိုင်လုံပါက တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အမှုဖွင့် တရားစွဲဆိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း အတိအလင်းထုတ်ပြန်ခဲ့သည်။

ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်ရပ်တည်နိုင်လာစေရန် ကြိုးပမ်းလျှောက်လှမ်းနေရဆဲ နိုင်ငံတစ်နိုင်ငံ၏ ဒုတိယမြောက်အဆင်းရဲဆုံး ပြည်နယ်တစ်ခုမှ လူ့အသိုင်းအဝိုင်းနှစ်ခုအကြားဖြစ်ပွားနေသည့် ကာလရှည်ကြာ ပဋိပက္ခဖြစ်စဉ်အတွက် ရေရှည်တည်တံ့သော အဖြေတစ်ရပ်ရရှိရန် နိုင်ငံကိုတာဝန်ယူထားသည့်အစိုးရတစ်ရပ်အနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်များကို အသိအမှတ်ပြုကာ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းအားဖြင့်သာ အဖြေမှန်ရရှိနိုင်ရန် အနီးစပ်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ပြဿနာမှာ ဘာသာရေးခွဲခြားဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများအဖြစ် နိုင်ငံတကာ မီဒီယာများ၏ ရည်ရွယ်ချက်ရှိရှိ ပုံဖော်ပွဲထုတ်မှုများနှင့်အတူ ဘာသာရေးနောက်ခံတူညီသည့် နိုင်ငံတကာအဖွဲ့အစည်း၊ လူ့အခွင့်အရေး ရှုထောင့်တစ်ခုတည်းမှသာ ရှုမြင်ဆောင်ရွက်မည့် နိုင်ငံတကာအဖွဲ့အစည်းတို့၏ တစ်ဖက်သတ် ဆောင်ရွက်ချက်များက ပြဿနာကို လျော့ပါးပြေလည်စေသည်ထက် ပဋိပက္ခများကို ပိုမိုဆိုးရွားရှုပ်ထွေးစေသည့် အခြေသို့သာ ဆိုက်ရောက်သွားစေမည်ဖြစ်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ်ချက်အား မြန်မာနိုင်ငံက သဘောတူလက်ခံခြင်း မရှိသည်မှာ ရခိုင်ပြည်နယ်၏ မျက်မှောက် ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်သည့် တုံ့ပြန်ဆောင်ရွက်ချက်ဖြစ်ပါကြောင်း ။ ။




## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ပြည်ချစ်ဇာနည် သားစစ်သည်သို့---

◆ ဤမြေမှာမွေး မြန်မာသွေးမို့
ရဲရဲနီစွေးခဲ့ပါသည်။
ဤမြေမှာဖွား မြန်ပြည်သားမို့
မြန်မာ့သားကောင်းဖြစ်ခဲ့သည်။

◆ ဤမြေမှာမွေး ဤမြေမှာဖွား
မြန်ပြည်သားမို့ ပြည့်အားလက်ရုံး
ပြည့်ဘုန်းကိုဆောင် မြန်ပြည်ထောင်တွက်
အသက်ကိုပေး သွေးဖြင့်ရေးသည်
ဘိုးဘေးစစ်သည် အာဇာနည်။

◆ ဘိုးဘေးစစ်သည် အာဇာနည်နှင့်
သားကောင်းဇာနည် မောင်စစ်သည်သည်
မြန်ပြည်အရေး မျှော်ရည်တွေးကာ
သွေးသားကိုရင်း သက်ကိုနှင်း၍
ပြည်တွင်းရန်စွယ် အန္တရာယ်ကို
ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

◆ ဘိုးဘေးစစ်သည် အာဇာနည်နှင့်
သားကောင်းဇာနည် မောင်စစ်သည်သည်
မြန်ပြည်စော်ကား နယ်ချဲ့များကို
တို့ဓားတို့သွေး စွေးစွေးနီကျန်
ဂျပန်ဖက်ဆစ် သူ့ကျွန်ခေတ်လည်း
နှံ့နှစ်မခံ မိပြည်မြန်တွက်
တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။

◆ သြော်. . . .
ဤမြေမှာဖွား မြန်ပြည်သားမို့
သားကောင်းဇာနည် မောင်စစ်သည်တို့
မျှော်ရည်ကာမှန်း ပြည်ငြိမ်းချမ်းဖို့
တောတန်းလျှိုမြောင် တောတောင်မြစ်ချောင်း
ချုံပေါင်းဆူးထပ် ကျော်ကာဖြတ်၍
တပ်မတော်သား ပြည်ချစ်သားတို့
စွန့်စားခဲ့သည် ဂုဏ်ယူသည်။

◆ ဂုဏ်ယူပါသည် ပြည့်ဇာနည်တို့
စစ်သည်စစ်သား တို့သွေးသားကို
လေးစားအစဉ် ကမ္ပည်းတင်ကာ
ကဗျာမော်ကွန်း ညွှန်းလိုက်သည်
ပြည့်ချစ်ဇာနည် သားစစ်သည်။ ။

ဇင်ခန့်နိုင်

*(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။*

## မကျီးရိုးကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

သာစည် မတ် ၂၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဝင်းထွဋ်နှင့် တပ်ဖွဲ့ဝင်ရဲဘော်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် မတ် ၂၅ ရက် နံနက် ၈ နာရီက နွေဦးအစရာသီမှာပင် ရေပြတ်လပ်မှုဖြစ်ပေါ်နေသည့် မကျီးရိုးကျေးရွာသို့ ဇေယျာသုခရေလှူအသင်းကြီးပိုင် ရေဂါလန် ၁၆၀၀ ဆံ့ ရေကား၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၂၀၀ ဆံ့ ရေကားတို့ဖြင့် သွားရောက်၍ အိမ်ထောင်စုတိုင်းအား သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။

မကျီးရိုးကျေးရွာသည် သာစည်မြို့၏ အရှေ့တောင်ဘက် ကိုးမိုင်ကွာတွင်ရှိပြီး ညောင်ရမ်းကျေးရွာအုပ်စုအတွင်း၌ တည်ရှိသည်။ အဆိုပါကျေးရွာသည် အိမ်ခြေ ၂၈၅ အိမ် လူဦးရေ ၁၄၅၀ ရှိသော ရွာကြီးတစ်ရွာဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၅-၃-၂၀၁၇ — ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂ ·၄၄ |
| ထိုင်း | တစ်ဘတ် | ၃၉ ·၅၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၈၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ·၆၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး တက်ရောက်လာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဆိုင်ရာ ဘိုအောဖိုရမ်ဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဖွင့်ပွဲအခမ်းအနားတက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဒုတိယသမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ကြိုဆို နှုတ်ခွန်းဆက်စကားပြော**

အခမ်းအနားတွင် ဘိုအောဖိုရမ် ဥက္ကဋ္ဌ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ယာဆူအို ဖူကူဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီ၊ မဒါဂါးစကားသမ္မတနိုင်ငံ သမ္မတ H.E.Hery Martial Rajao-narimampianina၊ မိုက်ခရိုနီးရှား ဖက်ဒရယ်ပြည်ထောင်စုသမ္မတ H.E. Peter M.Christian၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E.Puspa Kamal Dahal 'Prachanda' နှင့် အာဖဂန်နစ္စတန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Fazel Hadi Muslimyar တို့က မိန့်ခွန်းပြောကြားကြသည်။

**မိန့်ခွန်းပြောကြား**

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် မိမိအား ယခုကဲ့သို့ ဖိုရမ်သို့ ဖိတ်ကြားမှု၊ နွေးထွေးစွာကြိုဆိုမှုနှင့် ဖိုရမ်ကျင်းပရေးအတွက် အကောင်းဆုံးစီစဉ်ဆောင်ရွက်ထားမှုတို့အပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ဘိုအောဖိုရမ်ကျင်းပရေးကော်မတီတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ် ဖိုရမ်၏ခေါင်းစဉ်မှာ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လွတ်လပ်စွာကုန်သွယ်မှုများနှင့်ပတ်သက်၍ အာရှဒေသ၏အမြင်များ ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လွတ်လပ်စွာကုန်သွယ်မှုများ ပိုမိုခိုင်မာလာစေရေးအပေါ် နောက်ကြောင်းပြန်လှည့်မည့် လက္ခဏာများ တွေ့မြင်နေရသည့်အတွက် ယခုနှစ်ဖိုရမ်၌ အဆိုပါခေါင်းစဉ်ကို ရွေးချယ်ခဲ့ခြင်းသည် သင့်လျော်မှုရှိပြီး အချိန်အခါနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း။

**အလေးထား ဆွေးနွေးရန်လိုအပ်**

ကိုယ်ကျိုးစီးပွား ကာကွယ်သောမူဝါဒ (Protectionism) အား ပြန်လည်အသက်သွင်းရန် မည်သည့်ကြိုးပမ်းမှုမဆို ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်သို့မျှ အထောက်အကူပြုစေမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပုံစံအသစ်များဖြင့် ပတ်သက်ပြီး မိမိတို့၏ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးအတွက် အလေးထား ဆွေးနွေးသွားကြရန် လိုအပ်ပါကြောင်း။

ကုန်သွယ်ရေးအရ ပေါင်းစည်းဆက်နွှယ်မှု တိုးမြင့်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း။

**မဟာဗျူဟာအရ ပိုမိုကောင်းမွန်**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ ရည်မှန်းချက်မြင့်မား၍ ရေရှည်အကျိုးရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါ ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာပြီး တက်ကြွသော လူမှုအသိုက်အဝန်းတစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆက်နွှယ်မှုအတွက် မဟာဗျူဟာအရ ပိုမိုကောင်းမွန်သော အနေအထားတွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

**အလားအလာကောင်းများရှိနေ**

အာရှဒေသအနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုဒေသ၊ ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်အစီအစဉ်၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းသစ်တစ်ခုဖြစ်သော အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ်တို့မှတစ်ဆင့် စီးပွားရေးအရ ပေါင်းစည်းဆက်နွှယ်မှု မြှင့်တင်ရန် အလားအလာကောင်းများရှိနေပါကြောင်း၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်နှင့် အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ်တို့သည် ပူးပေါင်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**အကောက်ခွန်ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲ**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် တစ်သားတည်း ပေါင်းစည်းနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့ရန်အတွက် ထိရောက်သော ဆောင်ရွက်ချက်များဖြစ်သည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ်ကျင့်သုံးခြင်း၊ ကုန်သွယ်မှုအတားအဆီးများ လျှော့ချခြင်း၊ ပင်လယ်ရေကြောင်းနှင့် ကုန်းတွင်းပိုင်း အကောက်ခွန်ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်း၊ အာဆီယံနိုင်ငံများအတွင်း ဖြတ်သန်းသယ်ယူပို့ဆောင်သည့် အကောက်ခွန်စနစ်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်မှုချောမွေ့ရေး သဘောတူညီချက်များတွင် ကုန်သွယ်မှုလွယ်ကူစွာ စီးဆင်းနိုင်ရေးအားရည်ရွယ်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အမျိုးသားစီးပွားရေးမူဝါဒရေးဆွဲ**

မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်တာဝန်ယူပြီးနောက်ပိုင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းမှုများအပေါ် အထောက်အပံ့ဖြစ်ရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား သဘာဝအရင်းအမြစ်များကို မျှမျှတတခွဲဝေနိုင်ရေးနှင့် ရေရှည်ထိန်းသိမ်းသွားနိုင်ရေးအတွက် စီးပွားရေးမူဘောင် ချမှတ်နိုင်ရန် အမျိုးသားစီးပွားရေးမူဝါဒကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း။

**အာမခံချက် ခိုင်ခိုင်မာမာ ပေးထား**

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ ရင်းနှီးမြှုပ်နှံနိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးနိုင်ရန် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေသစ်သည် ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အာမခံချက် ခိုင်ခိုင်မာမာ ပေးထားပါကြောင်း။

**အမေရိကန်ဒေါ်လာ ၈ ဘီလီယံ အထိ မြင့်တက်ခဲ့**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည်လည်း ၂၀၁၆ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၈ ဘီလီယံအထိ မြင့်တက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာမည့် ဆယ်စုနှစ်များ၌ အားကောင်းသော အဖွဲ့အစည်းများ၊ ခိုင်မာသော အခြေခံအဆောက်အအုံနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်ရန်၊ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတို့၌ တစ်သားတည်း ပေါင်းစည်းနိုင်ရေးအတွက် ဒေသအတွင်းရှိ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**




၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည့် အဆောက်အအုံအား တွေ့ရစဉ် (သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် နည်းပညာနှင့်အတွေ့အကြုံများ ဖလှယ်ရေးဆွေးနွေး

**ဘိုအော မတ် ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရှင်းလုံမြို့ရှိ ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်၌ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက လက်ဖက်၊ ကော်ဖီ၊ ကိုကိုးနှင့် ငှက်ပျောပင်အမျိုးမျိုးအား သုတေသနပြုစမ်းသပ် စိုက်ပျိုးထားမှု၊ အပင်အမျိုးအစားအလိုက် မျိုးကွဲများအား ပြုစုထားမှုနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါဥယျာဉ်သည် အပူပိုင်းဒေသအပင်များကို အဓိကသုတေသနလုပ်ဆောင်လျက်ရှိသည်။ ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သည် ဆေးသုတေသနအတွက်သာမက ပြည်သူများ အပန်းဖြေအနားယူနေရာတစ်ခုအပြင် စိုက်ပျိုးရေးထွက်ကုန်များအား ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် အသိပညာပေးသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဟိုင်နန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လျိုစွတ်ကွေးအား Boao International Conference Center ပင်မဆောင်၌ တွေ့ဆုံ၍ လယ်ယာစိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေး၊ မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်တို့အကြား လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်စဉ်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Boao International Conference Center ပင်မဆောင်၌ ဟိုင်နန်ပြည်နယ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာ လော့ပေါင်မင်က ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

# စာဖတ်ဝါသနာပျိုးထောင်ရန် အကောင်းဆုံးအရွယ်မှာ ကလေးအရွယ်ဖြစ်သည့်အတွက် ကလေးစာပေပွဲတော်များ ကျင်းပခြင်းဖြစ်

**မော်လမြိုင် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းနားကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ် (ဘက်စုံခန်းမ)၌ ကျင်းပသည်။




အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song ကို သီဆို၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က **(အပေါ်ယာပုံ)** အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်၏ ရည်ရွယ်ချက်သည် ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသား ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဒွန်တွဲပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

စာပေဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ဒွန်တွဲနေပါကြောင်း၊ မိမိတို့ နိုင်ငံသည် မဖွံ့ဖြိုး၊ မတိုးတက်သေးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းစနိုင်ငံ၊ ကြိုးပမ်းနေဆဲနိုင်ငံဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုတိုင်းပြည်တွင် စာပေထွန်းကားမှုသည် တိုက်ရိုက်အချိုးကျပါကြောင်း။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတထက် လူသယံဇာတဖွံ့ဖြိုးမှုက ပိုအရေးကြီးသည်ကို သိမြင်လာကြပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တွင် မြေပေါ်၊ မြေအောက်သယံဇာတမည်မျှရှိရှိ တိုင်းသူပြည်သားများ အရည်အချင်း အစွမ်းအစမရှိ၊ တစ်နည်းအားဖြင့် လူသယံဇာတမဖွံ့ဖြိုးလျှင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်နိုင်ပါကြောင်း။

စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ရန်၊ စာကို မကြောက်ရန်၊ စာနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည့် အလေ့အထ၊ အစဉ်အလာရှိရန်၊ စာဖတ်ဝါသနာ ပျိုးထောင်ပေးရန် လိုပါကြောင်း၊ လူတိုင်းလူတိုင်း စာဖတ်ဝါသနာပျိုးထောင်သည့်အလုပ်ကို လုပ်ရန် အကောင်းဆုံးအသက်အရွယ်မှာ ကလေးအရွယ်ဖြစ်သည့်အတွက် ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ကလေးများတွင် စာပေအပေါ်ချစ်ခင်သည့်စိတ်ဓာတ်၊ စာပေတွင် ပျော်မွေ့သည့် စိတ်ဓာတ် ကိန်းအောင်းသွားပြီဆိုလျှင် စာပေနှင့် ထာဝရထိတွေ့သည့် ကလေးများ ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအခါ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုစိတ်ချရသည့်အနေအထားကို ရရှိမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ကလေးများနှင့် ဖွဲ့စည်းထားသည့် မိမိတို့တိုင်းပြည်၏ အနာဂတ်သည်လည်း လှပလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မွန်ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာ့ဗေဒတက အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများက ကရင်ဒုံးအကဖြင့်လည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ပအိုဝ်းရိုးရာအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်မွန်ပြည်နယ်ဝန်ကြီးချုပ်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မော်လမြိုင် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ (၃၈) ဖြာမင်္ဂလာသုတ် ရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် ပြပွဲပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်းဟန်**



အရုပ်ဆက်ပြိုင်ပွဲဝင်နေသည့် ကလေးငယ်တစ်ဦး



စာအုပ်အရောင်းဆိုင်များမှ စာအုပ်များအား ကြည့်ရှုဝယ်ယူသူများအား တွေ့ရစဉ်



သရီးဒီဂိမ်းကစားနေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်

# ပြည်သူများ၏ အသံ၊ ဆန္ဒနှင့် သဘောထားတို့ကို နားထောင်ပြီး ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကယ်ဆယ်ရေးစခန်းတွင်နေထိုင်သူ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

**နေပြည်တော် မတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား မတ် ၂၄ ရက် မွန်းလွဲ ၃ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံး၌ တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်မည်ဆိုပါက လွှတ်တော်၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်သည် လွှတ်တော်ဖြစ်သည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ပါကြောင်း၊ အချုပ်အခြာအာဏာသည် ပြည်သူများ၏ လက်ဝယ်တွင်ရှိပါကြောင်း။

ပြည်သူများက အားကိုးယုံကြည်မှုဖြင့် ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရန်လိုအပ်ပါကြောင်း၊ ထို့အတူ လွှတ်တော်ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အတွက် အရည်အသွေးမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားပြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန်လိုအပ်ပါကြောင်း၊ မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုပါကြောင်း။

ဥပဒေကြမ်းများရေးဆွဲရာတွင်လည်း တိကျမှန်ကန်၊ ရှင်းလင်းပြတ်သားရန်လိုအပ်ပြီး တရားမျှတရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများလေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကိုကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံလွှတ်တော်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့်ရှိပါကြောင်း။

ဒီမိုကရေစီစနစ်တွင် ပြည်သူကိုဗဟိုပြုသည့်အတွက် ပြည်သူများ၏ အသံ၊ ဆန္ဒနှင့် သဘောထားတို့ကို နားထောင်ပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ်သိက္ခာများကိုလည်း ထိန်းသိမ်းလိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိတို့၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့ မပြုလုပ်ရန်လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားမှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာလည်ပတ်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းရမည် ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူရသည့်ကာလတွင် လိပ်ပြာသန့်သန့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ တရားမျှတသည့် လူ့အဖွဲ့အစည်းထူထောင်ရန်၊ အဂတိကင်းသည့် လူ့အသိုင်းအဝိုင်း ဖော်ဆောင်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။

ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ တပ်ကုန်းအင်ဂျန်ဒုံ IDP Camp ရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကယ်ဆယ်ရေးစခန်းများအတွင်း နေထိုင်ကြသည့် မိသားစုများထံ ဆန်အိတ်များ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ အနွေးထည်များနှင့် ရေသန့်စသည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသည့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများ ဖက်ဒရယ်စနစ်ကို သိရှိနားလည်စေရန်ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အီးဘီအို(မြန်မာ)နှင့် Forum of Federation တို့ ပူးပေါင်းကျင်းပသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Royal President Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး၊ အီးဘီအို(မြန်မာ)မှ Operation Director ဗစ်တာဗျက်လျန်းနှင့် Forum of Federation မှ Senior Trainer ဦးခိုင်ကျော်မိုးတို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများအားလုံး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၄၀ ပါဝင်တက်ရောက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ဖက်ဒရယ်စနစ်များအတွင်း မတူကွဲပြားမှုကို စီမံခန့်ခွဲခြင်း၊ ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရတို့ လုပ်ပိုင်ခွင့်အာဏာနှင့် ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲခြင်း၊ နိုင်ငံတကာရှိ ဖက်ဒရယ်နိုင်ငံများကို လေ့လာခြင်းစသည့် အချက်များကို ဆွေးနွေးပို့ချဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၆ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**




# မော်လမြိုင် ကလေးစာပေပွဲတော်စည်ကားသိုက်မြိုက်စွာဖွင့်လှစ်

**မော်လမြိုင် မတ် ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကလေးစာပေပွဲတော်ကို မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)ရှေ့၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ကာ မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများနှင့် ဓမ္မစကူးမှကျောင်းသားကျောင်းသူများက ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။ ထို့နောက် မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသား ကျောင်းသူ ၅၀ တို့က ကဗျာရွတ်ဆိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ (၃၈)ဖြာမင်္ဂလာ မင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲကို မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသားကျောင်းသူ ၂၀ တို့ကလည်း ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



ယင်းနောက် စာပေဟောပြောပွဲတွင် စာရေးဆရာ(ခေတ်ဘုန်းသစ်)က ကလေးတို့၏အနာဂတ်အတွက် ရသစာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ(မိချမ်းဝေ)က ကျောက်ပြားအဟောင်းတွင် ကမ္ပည်းသစ်ထိုးမယ်ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ "ယနေ့ကလေးစာပေ မနက်ဖြန်ကလေးစာပေ" ခေါင်းစဉ်ကို မင်းထက်မောင်၊ မောင်လင်းရိပ်၊ ခေတ်ဘုန်းသစ်၊ ဝင်းချိုတို့က ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကလေးစာပေပွဲတော်သို့ လာရောက်ကြ သည့် ကလေးငယ်များက စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ တို့ကိုလည်းကောင်း၊ ပန်းချီပြိုင်ပွဲကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး Team building ၊ Science Fair ၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်း ဂိမ်းကစားခြင်းများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြခန်းများနှင့် ကလေးစာကြည့်တိုက်ပြခန်းများ ခင်းကျင်းပြသထားပြီး မျက်လှည့်ပြပွဲများ၊ ရုပ်သေးပြပွဲများ၊ ရိုးရာဆင်ကပွဲများ၊ ခြင်းအလုခတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**မြတ်မွန်ထွေး၊ တင်ထွဋ်(မော်လမြိုင်)**

(၇၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဆောင်းပါး

# မြန်မာ့တပ်မတော်နေ့သမိုင်းထဲက သရက်မြို့နယ် ပုဏ္ဏားရွာ

ပေါက်ကလေး
(သရက်)

**မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေးပြင်ဆင်မှုများပြုလုပ်ခဲ့သည့်အခန်းကဏ္ဍတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၏ ပုဏ္ဏားကျေးရွာသည် စစ်ဌာနချုပ်စခန်းအဖြစ် မြန်မာ့သမိုင်းရာဇဝင်တွင် မှတ်တမ်းတစ်ခုဖြစ်ခဲ့သည်။**

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ကြောင်း စစ်ကြေညာချက်ကို သရက်မြို့နယ် ပုဏ္ဏားကျေးရွာ သူကြီးဦးငွေလှိုင်၏ အိမ်ရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကြေညာခဲ့သည်။

မြန်မာ့သမိုင်းတွင် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်၊ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ညနေ ၆ နာရီခွဲတွင် သီပေါဘုရင်၊ မိဖုရားနှင့်နောက်လိုက်နောက်ပါတို့အား သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် မြန်မာနိုင်ငံ၏ ကိုယ့်မင်းကိုယ့်ချင်း မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

တစ်နိုင်ငံလုံးနှိမ်နင်းခံရ၍ တော်လှန်ရေးများ ဆင်နွှဲခဲ့ကြသည့် မြန်မာများ တစ်စတစ်စနိုင်ငံရေးအသိနိုးကြားလာကာ နယ်ချဲ့တို့သည်လည်း ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ရလဒ်များကြောင့် အခက်အခဲများဖြစ်လာကာ "အင်္ဂလိပ်အခက်၊ မြန်မာအချက်" ဟု ဆိုကာ မြန်မာလူငယ် ၃၀ ခန့် ဂျပန်သို့စစ်ပညာသင်ရန် ရဲဘော်သုံးကျိပ်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်းခဲ့သည်။ ဂျပန်တို့လည်း သူတို့အကျိုးစီးပွားမျှော်ကိုး၍ မြန်မာ့လွတ်လပ်ရေးတပ်မတော်အား ကူညီရင်း မြန်မာနိုင်ငံသို့ ဝင်ရောက်၍ နယ်ချဲ့တို့အား ကူညီတိုက်ခိုက်ခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ နံနက် ၇ နာရီခွဲတွင် လွတ်လပ်သော မြန်မာနိုင်ငံဖြစ်ပြီဟု ဂျပန်စစ်သေနာပတိဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီက ကြေညာခဲ့သည်။

၁၉၄၄ ခုနှစ်တွင် မဟာမိတ်တပ်များက မြန်မာနိုင်ငံအပေါ် အင်အားအလုံးအရင်းနှင့် ထိုးစစ်တစ်ဖန်ပြန်လည်တိုက်ခိုက်လာကာ မြို့ကြီးတစ်မြို့ပြီးတစ်မြို့ကို သိမ်းယူလာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ကမ္ဘာ့အရေးအရာများ၏ အခင်းအကျင်းကိုကြည့်ပြီး ဂျပန်ကို တော်လှန်ရန် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) အဖွဲ့ကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အတွင်း ဗမာ့ကာကွယ်ရေးတပ်မတော်အား ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပြည် သူ့တပ်မတော်) ဟုအမည်ပြောင်း၍ ဖက်ဆစ်ဂျပန်များကို လက်နက်ကိုင်ဆောင်တော်လှန်ရေးစတင်ရန် လျှို့ဝှက်ကာ စစ်တိုင်းများသတ်မှတ်ခဲ့သည်။ စစ်တိုင်း(၇) တိုင်းတွင် တိုင်းအမှတ် (၇)သည် သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး၊ စစ်ရေးခေါင်းဆောင် ဗိုလ်မှူးအောင်၊နိုင်ငံရေးခေါင်းဆောင် သခင်တင်မြ ဖြင့်ဖွဲ့စည်းခဲ့သည်။



ဗိုလ်ချုပ်အောင်ဆန်းစစ်ကြေညာခဲ့သည့်နေရာတွင် ကမ္ပည်းထိုးစိုက်ထူထားသည့် ကျောက်တိုင်ကို တွေ့ရစဉ်

၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ပြည်သူ့တပ်မတော် (BNA) မှ လျှို့ဝှက်အမည်ပြောင်းလဲထားသော မြန်မာတပ်မတော်စစ်ကြောင်းများ ချီတက်လာကြပြီး စစ်ရေးပြကွင်းတွင် စစ်ထွက်အခမ်းအနားကျင်းပရန် စုဝေးခဲ့ကြသည်။

ဂျပန်ဗိုလ်ချုပ်ကြီးများက စုဝေးလာသော မြန်မာ့တပ်မတော်ကို မဟာမိတ်တို့နှင့် ရင်ဆိုင်တိုက်ခိုက်ကြမည်ဟု မှတ်ယူထားခဲ့ကြသည်။ မြန်မာ့သတ္တိပြပြီး တိုက်ခိုက်ချေမှုန်းဖို့မှာကြားပြီး ဗမာ့အောင်လံကို ဗိုလ်ချုပ်အောင်ဆန်းလက်သို့ အပ်ကာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ထွက်မိန့်ခွန်းပြောကြားခဲ့သည်။

"ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင်ရဲဘော်တို့နှင့်အတူ ချီတက်မယ်၊ ဗမာ့ရန်သူကိုချေမှုန်းကြ၊ အနီးကပ်ရန် သူကိုချေမှုန်းကြ" ရွှေတိဂုံဘုရားကို ဦးခိုက်ပြီး လျှို့ဝှက်အစီအစဉ်အတိုင်း ထွက်ခွာခဲ့သည်။ ဗိုလ်ချုပ်ဦးဆောင်သော ဌာနချုပ်အဖွဲ့ စစ်တိုင်း(၇)နှင့်အတူ လိုက်ပါခဲ့သည်။

ရန်ကုန်မှ ထွက်ခွာလာစဉ် အတူလိုက်ပါလာသော ဂျပန်စစ်တပ်အရာရှိများကို လမ်းခရီးရွှေတောင်မြို့တွင် မျက်ခြည်ဖြတ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အောင်လံမြို့နယ် ပြလို့ရွာမှ ရာဝတီမြစ်ကို ဖြတ်ကူး၍ သရက်မြို့နယ် ပြရည်ရွာသို့ ရောက်ရှိကာ ပြရည်ရွာ၊ ပါးပွတ်ရွာ၊ တုံ့ရွာတို့မှဖြတ်၍ တောလမ်းခရီးအတိုင်း စစ်ဌာနချုပ်တည်ရှိရာ ပုဏ္ဏားရွာသို့ ရောက်ရှိခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ည ၇ နာရီတွင် ဖက်ဆစ်ဂျပန်ကို တော်လှန်လိုက်ပြီဖြစ်ကြောင်း ပုဏ္ဏားကျေးရွာရှိ သူကြီးဦးငွေလှိုင်၏ အိမ်ရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်ကြေညာခဲ့သည်။

ပုဏ္ဏားရွာတွင် ဌာနချုပ်စခန်းဖွဲ့စဉ် ရခိုင်မှစစ်ရှုံး၍ဆုတ်ခွာလာသော ဂျပန်တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွား၍ ပုဏ္ဏားရွာမှ အောက်မနိမ့်ရွာကိုဖြတ်ကာ ကဇွန်းမြောင်ရွာသို့ တိုင်း (၇) စစ်ဌာနချုပ်ရောက်ရှိခဲ့သည်။ ဌာနချုပ်စခန်းတည်ရှိရာ နယ်မြေ ရေမျက်ရွာ၊ ကျောက်ကြီးရွာ၊ ပဇင်းနားရွာ၊ တောင်ပတ်ရွာတို့တွင် ရန်သူများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ကဇွန်းမြောင်ရွာမှ အောက်မနိမ့်ရွာ၊ ဆင်ကော်ရွာ၊ မြို့လှရွာတို့မှတစ်ဆင့် မင်းတုန်းချောင်းကို ဖြတ်ကူးပြီး ကံမမြို့နယ် မုံးဒါးရွာမှတစ်ဆင့် ကြို့ပင်ရွာသို့ ရောက်ရှိပြီး အနီးနားရှိ သာဇီနှင့်ဇတက်ကြီးရွာများတွင် ရန်သူနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

ကြို့ပင်ရွာမှတစ်ဆင့် သပြေကိုင်း၊ အောက်မီးပေါက်၊ အထက်မီးပေါက်ရွာများကို ဖြတ်ကာ ဖက်ဆစ်ဂျပန်တော်လှန်းရေးဌာနချုပ်စခန်း ပြုလုပ်မည့် သရက်ချောင်းရွာသို့ ရောက်ရှိခဲ့သည်။ (ဗိုလ်ချုပ်စခန်းချခဲ့သော သရက်ချောင်းရွာရှိနေရာသည် ယခုမဒေးဆည်အောက်ရေပြင်သို့ရောက်ရှိသွားပြီဖြစ်သည်။)

(၁၅-၇-၁၉၈၁) နေ့စွဲဖြင့် ထုတ်ဝေခဲ့သော လမ်းစဉ်သတင်း၌(ဗိုလ်ချုပ်အောင်ဆန်းနှင့် သရက်ချောင်းစစ်ဌာနချုပ်) ဆောင်းပါးမျက်နှာ (၆) ကော်လံ (၄) တွင် ဖက်ဆစ်ဂျပန်များကို တော်လှန်ကြောင်းကြေညာချက်ကို ပုဏ္ဏားရွာမှ ထုတ်ပြန်ခဲ့သည်ဟု မှတ်တမ်းဖော်ပြထားသည်။

သခင်တင်မြ၏ (ဘုံဘဝမှာဖြင့် စာအုပ်)တွင် ဖက်ဆစ်ဂျပန်ဆန့်ကျင်တော်လှန်သည့်ကဏ္ဍတွင် သရက်မြို့နယ် ပုဏ္ဏားကျေးရွာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်စစ်ဦးစီးတို့၏ တော်လှန်ရေးလှုပ်ရှားမှုများကို ရေးသားထားသည်။

သရက်မြို့နှင့် ပုဏ္ဏားရွာသည် ၂၄ မိုင်ခန့်ကွာဝေးပြီး လမ်းခရီးမှာ မြေသားလမ်းဖြစ်၍ သွားလာရန်ခက်ခဲသည်။ ဗိုလ်ချုပ်အောင်ဆန်းစစ်ကြေညာခဲ့သည့်နေရာ သမိုင်းကျောက်တိုင်တွင် စကျင်ကျောက်ပြားပေါ်၌ ကမ္ပည်းစာတန်း စိုက်ထူထားသည်ကို တွေ့ရသည်။ (၂၇-၃-၁၉၄၅) တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဤနေရာမှ ဖက်ဆစ်ကို တော်လှန်ကြောင်း စစ်ကြေညာခဲ့သည်ဟု ရေးသားထားသည်။ စကျင်ကျောက်ပြား ကမ္ပည်းမှတ်တမ်းအလှူရှင်များ တော်လှန်ရေးကာလတွင် ပုဏ္ဏားရွာ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူရှိခဲ့ကြသည့် ဦးစိန်ဝင်း (ဝန်ကြီးချုပ်ဟောင်း) နှင့် ဦးဘလှ (ဒုတိယဝန်ကြီးဟောင်း -ကုန်သွယ်ရေး)တို့ဖြစ်ပြီး ၁၉၈၇ ခုနှစ် မတ်လတွင် ဦးဘလှ (ဒုတိယဝန်ကြီးဟောင်း-ကုန်သွယ်ရေး) ကိုယ်တိုင် ပုဏ္ဏားရွာသို့ လာရောက်ပြီး အမှတ်တရလှူဒါန်းခဲ့ကြောင်း သိရသည်။




**သရက်မြို့နယ် ပုဏ္ဏားကျေးရွာ၌ ဗိုလ်ချုပ်အောင်ဆန်း ဖက်ဆစ်ဂျပန်အား စစ်ကြေညာခဲ့သော ရွာသူကြီး ဦးငွေလှိုင်၏ အိမ်နေရာကို အထိမ်းအမှတ်ပန်းခြံအဖြစ် ပြုလုပ်ထားသည်ကို တွေ့ရစဉ်**

ယခင်ထိုနေရာတွင် အသိအမှတ်ကျောက်တိုင်ငယ် အမှတ်အသားရှိခဲ့ပြီး ၁၉၉၅ ခုနှစ်၊ နှစ် (၅၀) မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရွှေရတုကျောက်တိုင်စိုက်ထူခွင့်ပြုရန် ပုဏ္ဏားကျေးရွာ ခရိုင်နှင့်မြို့နယ်ပြည်ခိုင်ဖြိုးအသင်းတို့၏ ပံ့ပိုးမှုဖြင့် ၂၀၀၃ ခုနှစ် ၊ မတ်လတွင် ပြုပြင်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖက်ဆစ်ကိုဆန့်ကျင်ကြောင်း စစ်ကြေညာခဲ့သည့် ပုဏ္ဏားရွာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ ကြေးရုပ်တု နိုင်ငံတော်အစိုးရ အကူအညီဖြင့် ပြုလုပ်ပေးစေလိုကြောင်း ဒေသခံများက ဆန္ဒရှိကြသည်။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးအောင်မြေတစ်ခုဖြစ်သည့် ပုဏ္ဏားကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့များတော်လှန်ရေးကာလအတွင်း သွားလာလှုပ်ရှားခဲ့သည့် ဗိုလ်ချုပ်စမ်း(ဒေသခေါ်) လွင်ပြင်တောင်ယာအချို့ကို ယနေ့တိုင် တွေ့မြင်ရသည်။

၁၉၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏နှစ်တစ်ရာကျော်ခဲ့သလို ၁၉၄၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့သည်လည်း မြန်မာတို့၏ တပ်မတော်နေ့သည် နှစ်ပေါင်း (၇၂) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

သရက်မြို့နယ် ပုဏ္ဏားကျေးရွာ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူစွာ သွားလာနိုင်ရေးတို့အတွက် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရင်း မြန်မာ့လွတ်လပ်ရေးသမိုင်းဒေသကို နိုင်ငံခြားခရီးသွားဧည့်သည်များလေ့လာနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များ လေ့လာမှတ်သားသိရှိနိုင်ရေးသည် အမျိုးသားရေးတာဝန်တစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ည ၇ နာရီတွင် ဖက်ဆစ်ဂျပန်ကို တော်လှန်လိုက်ပြီဖြစ်ကြောင်း ပုဏ္ဏားကျေးရွာရှိ သူကြီးဦးငွေလှိုင်၏ အိမ်ရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်ကြေညာခဲ့**

---

## (၇၂) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်လေးပင် မတ် ၂၅

(၇၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်လေးပင်မြို့နယ် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက်က ညောင်လေးပင်မြို့၊ မြို့မ(၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ပြည်သူ့ဆေးရုံ ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုကြီးနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင် များ၊ ညောင်လေးပင်မြို့မရဲစခန်း၊ ပြွန်တန်ဆာနှင့် ပိန်းဇလုပ်နယ်မြေရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့က စုစုပေါင်း အင်အား ၃၀၀ ကျော်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၊ အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

✪ *ကျောဖုံးမှ*

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၈)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော အရှည် ပေ ၉၆၀ ရှိ ပန်ဇင်းချောင်းတံတားသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စီမံကိန်းဝန်ထမ်းများ၊ အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်

ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် အဓိကဝင်ပေါက်လမ်းများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြည်-ပန်းတောင်း-တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း၊ မကွေးတိုင်းဒေသကြီးမှ မင်းဘူး-အမ်း-စစ်တွေလမ်းနှင့် ချင်းပြည်နယ်မှ ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါး-ဖလမ်း-တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ နယ်စပ်လမ်းဖြစ်သည့် တောင်ပြို-မောင်တော-ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း-စစ်တွေလမ်းတို့ရှိပြီး အဆိုပါလမ်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခရီးသည်တင်ယာဉ်များနှင့် ကုန်စည်တင်ယာဉ်များ အများဆုံးသွားလာနေသည့် ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေလမ်း)ကိုလည်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့ဖွင့်လှစ်သည့် ပန်ဇင်းချောင်းတံတားအပါအဝင် အခြားသော လမ်း/တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပန်ဇင်းချောင်းတံတားအား ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းနိုင်နှင့် ဒေသခံပြည်သူ ဦးမောင်မြသာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပန်ဇင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပန်ဇင်းချောင်းတံတားသည် ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဘူးသီးတောင်-ရသေ့တောင်လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုး အစားဖြစ်ကာ တံတားအရှည် ပေ ၉၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီ ပါရှိကာ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀၊ အမြင့် ၁၉ ပေရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကာ ၂၀၁၄ ခုနှစ် ဧပြီလတွင် စီမံကိန်းစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘူးသီးတောင်-မောင်တော ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းသည် အရှည် ၁၆ မိုင်၊ ကတ္တရာ လမ်းအကျယ် ၁၂ ပေရှိပြီး ယခုကဲ့သို့ အဆင့်မြှင့် တင် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။




ပန်ဇင်းချောင်းတံတားဖွင့်လှစ်ပြီးနောက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေစဉ်

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့် ပန်ဇင်းချောင်းတံတားနှင့် ပြည်သူတို့၏ စကားသံများ

**သတင်းနှင့် ဓာတ်ပုံ - ရာမည၊ တင်စိုး**

**ယခင်က လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ရခိုင်ပြည်နယ်အား အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး လမ်း/တံတားနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သစ်၏ တစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအဖြစ် ပန်ဇင်းချောင်းတံတားကို မတ် ၂၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပန်ဇင်းချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားဆိုခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



ဦးမောင်မြသာ



ဦးအေးထွန်းသာ



ဒေါ်အေးဝင်းကြည်



ဦးသိန်းနိုင်

**ဦးအေးထွန်းသာ**
**(ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီ)**

"ကျွန်တော်ကတော့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက ကိုယ်စားလှယ်တစ်ဦးအဖြစ် ဒီပွဲကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ အခုလို တံတားသစ်ကြီးကို ခံ့ခံ့ညားညား မြင်တွေ့ရတဲ့အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါတယ်။ ပီတိလည်းဖြစ်ရပါတယ်။ ဒါက အစိုးရသစ် တက်လာပြီးတဲ့နောက်ပိုင်း ဖြစ်ထွန်းလာတဲ့ ရလဒ်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်မှာရှိတဲ့ ဘူးသီးတောင်မြို့နယ်မှာ ဒါမျိုးဖြစ်လာဖို့က အိပ်မက်တောင် မမက်ခဲ့တဲ့ အရာတစ်ခုပါ။အဲလိုမျိုး မြစ်ကူးချောင်းကူးတံတားတွေ ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း အဲဒီကမှ စစ်တွေအထိ အရောက်သွားနိုင်ဖို့အတွက် ဆက်လက်လုပ်ဆောင်ပေးဖို့ မျှော်လင့်ပါတယ်"။

**ဒေါ်အေးဝင်းကြည်(ဒေသခံပြည်သူ)**
**(ဘူးသီးတောင်၊ (၅)ရပ်ကွက်)**

"အခုလို တည်ဆောက်ပေးလို့ သွားလို့လာလို့ အတော်ကောင်းသွားပါတယ်။ ဒီတံတားကြီးမရှိခင်က လှေတွေ၊ စက်လှေတွေနဲ့ ကူးကြရတာဆိုတော့ သွားရေးလာရေးအတွက် ခက်ခဲခဲ့ရပါတယ်။ နေ့စဉ် ဖြတ်သန်းကူးသန်းသွားလာနိုင်ဖို့က အခကြေးငွေပေးရတဲ့အတွက် ခဏခဏ ဖြတ်နေရသူတွေအတွက် အဆင်မပြေပါဘူး။ ဒီတံတားကြီး ပြီးသွားပြီဆိုတော့ အဆင်ပြေသွားပြီ"။

**ဦးမောင်မြသာ(ရပ်မိရပ်ဖ)**
**(ဘူးသီးတောင်မြို့နယ်၊ (၅)ရပ်ကွက်)**

"တံတားမဖွင့်ခင် ကာလတုန်းက သွားဖို့လာဖို့အတွက် ရေလမ်းခရီးကိုပဲ အားကိုးနေရတာ။ ကုန်စည်စီးဆင်းရေးမှာလည်း ရေလမ်းက အဓိကကျတာပေါ့။ ဒီတံတားကြီး ဖွင့်လိုက်ခြင်းအားဖြင့် မိဘပြည်သူတွေက ရေလမ်းတင်မဟုတ်ဘဲ ကုန်းလမ်းကပါ သွားလို့ရပြီဆိုတာ သိတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်။

ဒါပေမယ့် ကျွန်တော်အကြံပြုချင်တာက ဒီတံတားတစ်ခုတည်း တည်ဆောက်ပြီးသွားလို့ မရသေးပါဘူး။ ဘူးသီးတောင်မြို့နယ်ထဲမှာ နောက်ထပ်ချောင်းကူး မြစ်ကူးတံတားတွေ တည်ဆောက်ဖို့လိုအပ်နေပါသေးတယ်။ အဲဒီလိုပဲ ရသေ့တောင်မှာလည်း လိုအပ်မှုရှိနေပါတယ်။ ရခိုင်ပြည်နယ်က ရေမြေသဘာဝအရ တောတောင်မြစ်ချောင်းတွေပေါလို့ မြစ်ကူး ချောင်းကူးတံတားတွေက အမှန်တကယ်လိုအပ်မှုရှိပါတယ်။ ဘူးသီးတောင် - ရသေ့တောင် - ပုဏ္ဏားကျွန်း တစ်ဆက်တစ်စပ်တည်း သွားလို့ရလာမယ်ဆိုရင် ပိုပြီးဖွံ့ဖြိုးတိုးတက်မှာပါ"။

**ဦးသိန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)) တံတားအထူးအဖွဲ့(၈)**

"ဒီတံတားကို တည်ဆောက်ဖြစ်တာက ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသက ရေလမ်းကိုပဲ အားကိုးနေရလို့ ပထမဦးစားပေးအဖြစ် တည်ဆောက်ခဲ့တာပါ။ မောင်တော-ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်းကို တောက်လျှောက်သွားလာနိုင်ဖို့အတွက် အရှည်ပေ ၆၀၀ ရှိတဲ့ စိုင်းဒင်တံတား၊ အရှည်ပေ ၅၀၀ ရှိတဲ့ သောင်ဒရားတံတားတို့အပြင် အခြားသော ချောင်းကူးတံတားတွေကို ဆက်လက်တည်ဆောက်ရမှာ ဖြစ်ပါတယ်။

ရသေ့တောင်-ပုဏ္ဏားကျွန်းကနေ စစ်တွေအထိ ရောက်သွားမယ်ဆိုရင် တစ်နိုင်ငံလုံးနဲ့ ချိတ်ဆက်သွားလာနိုင်တော့မှာပါ။ အဲဒီလို ဖြစ်လာဖို့အတွက် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ။ ဒီတံတား တည်ဆောက်ပြီးတဲ့နောက် ဘူးသီးတောင်ကနေတစ်ဆင့် တစ်နိုင်ငံလုံးကို ၂၀၁၈-၁၉ ခုမှာ ရာသီမရွေး သွားလာနိုင်တော့မှာပါ။ ဒီတံတားက နယ်စပ်တံတားလို့တောင် ပြောလို့ရပါတယ်။ ဒီတံတား တည်ဆောက်မှုကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာမယ်လို့မျှော်လင့်ထားပါတယ်"။



# တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူ

**ပဲခူး မတ် ၂၅**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၅ ရက်က ပဲခူးပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နီလင်းအောင်နှင့် ဗိုလ်မှူးကြီးငွေတိုး၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်၊ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့ ဦးဆောင်သော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအင်အား ၁၇၆ ဦးတို့က သွေးလှူဒါန်းခဲ့ကြကာ တပ်ဖွဲ့ဝင် ၅၀၀ က ဆေးရုံအတွင်းနှင့် ပတ်ဝန်းကျင်နေရာများတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**



# လူမှုကူညီရေးအသင်းနှစ်သင်းအတွက် အလှူငွေများထောက်ပံ့

**အမ်း မတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရုံးအဖွဲ့များနှင့်အတူ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက် နံနက် ၈ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှု၊ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်နေမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့အား ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်လိုအပ်ချက်များ တင်ပြကြရန်နှင့် လတ်တလော လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်အတွင်း လူမှုစီးပွားဘဝ တိုးတက်ရေး လတ်တလော လိုအပ်ချက်များ၊ သဘာဝဘေးအန္တရာယ်ရေကြီးမှုဖြစ်လာပါက အရေးပေါ်အခြေခံလိုအပ်ချက်တို့အား လူမှုရေးအသင်းအဖွဲ့များက ဖြည်းဆည်းပံ့ပိုးပေးနိုင်ရေး တင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအား ပြန်လည်စိစစ်ကာ လတ်တလော လိုအပ်သော လူမှုကူညီရေးအသင်း နှစ်သင်းအတွက် ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြားလိုအပ်ချက်များအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အေးငြိမ်းနန္ဒာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်အခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၂၅**

အေးငြိမ်းနန္ဒာ ဆုတောင်းပြည့်စေတီတော်ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း ၊ တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ရီလုံရီကန်ကျေးရွာအုပ်စု လကျီနွဲ့သာသနာပြုကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်ထံမှ ည့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပုံ့ပိုးအလှူရှင် ချယ်ရီ FM မှ ဦးတိုးနိုင်မန်း၊ ဒေါ်ဇေဇင်လတ်မိသားစုနှင့် အလှူရှင်တို့က ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယကျိုက်ထီးဆောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တနာဂဒီပ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်၍ ဘုရားဒါယိကာများက ဌာပနာတော်များကို အစီအစဉ်အတိုင်း သွင်းလှူပူဇော်ကြကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တင်လှူကြပြီး သံဃာတော်အရှင်သူမြတ်တို့ ဦးဆောင်၍ ဇယန္တော ဗောဓိယာမူလေ အစချီသည့် ဇယမင်္ဂလာအောင်ဂါထာတို့ကို ရွတ်ဆိုပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တံတားကြီးကိုးစင်း အခမဲ့ဖြတ်သန်းခွင့်ပြုရာ တန်ပိုခွင့်မပြု၍ ၁၀ ဘီး ၊ ၁၂ ဘီး ကုန်ပါ ကုန်သေတ္တာတင်ယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ဖြတ်တံတားကြီးကိုးစင်း၏ တံတားဖြတ်သန်းခများကို ဧပြီ ၁ ရက်မှစ၍ ကောက်ခံခြင်းမပြုကြောင်း သက်ဆိုင်ရာမှထုတ်ပြန်ခဲ့ရာ လှိုင်မြစ်၊ ပဲခူးမြစ်ဖြတ်တံတားကြီးများအပြင် တံတားကြေး ကောက်ခံမှုမရှိသည့် မဟာဗန္ဓုလတံတားပါ ပါရှိပြီး တံတားကြီးများ၏ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အန္တရာယ်ကင်းရန်အတွက် တံတားများပေါ်တွင် သတ်မှတ်ခွင့်ပြုယာဉ်နှင့် ကုန်အလေးချိန်အတိုင်းသာ ဖြတ်သန်းသွားလာခွင့်ပြုမည် ဖြစ်သည်။

ရန်ကုန်မြို့တွင် ခွင့်ပြုယာဉ်ကုန်အလေးချိန်ထက် တစ်ဆဝန်းကျင်ပိုမိုနေသော ၁၀ ဘီး၊ ၁၂ ဘီး ကုန်ကားကြီးများ လှိုင်မြစ်၊ ပဲခူးမြစ် ပုဇွန်တောင်ချောင်းဖြတ် တံတားကြီးများပေါ်မှ ဖြတ်သန်းသွားလာခွင့် ဧပြီ ၁ ရက်မှစ၍ မရှိကြောင်း ကုန်သယ်ပို့လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ရန်ကုန်မြို့တွင် ကုန်သေတ္တာတစ်လုံး ပေ ၂၀ အတွင်း ပြည်ပပို့ကုန် ပိသာ ၃၀ ဝင် ပဲအိတ် ၄၈၀ ဝန်းကျင် ကုန်အလေးချိန် ၂၄ တန်ခန့် တင်ဆောင်ပြီး ၁၀ ဘီး ၊ ၁၁ ဘီး ကုန်တင်ယာဉ်အလေးချိန်မှာ အများအားဖြင့် ၁၀ တန် ၊ ၁၁ တန်ဝန်းကျင် ရှိတတ်ရာ ယာဉ်နှင့်ကုန်ပါ အလေးချိန် စုစုပေါင်း ၃၅ တန်ခန့် ရှိတတ်သည်။ လမ်း၊ တံတားများကြံ့ခိုင်သက်တမ်းရှည်အသုံးပြုနိုင်ရန် တန်ပိုသတ်မှတ်ခြင်းသည် အဝေးပြေးကုန်ကားများသာ လိုက်နာနေရသည်ကို မြင်တွေ့ရသည်။ အချို့သောကုန်ကားများသည် လမ်းတံတားအသုံးပြုခငွေ ကောက်ခံစခန်းအချို့အနီး ခေါက်တိုကုန်ချိန်း ပြောင်းလဲတင်ဆောင်ပြီး ငွေကောက်ယူသည့်စခန်းကို ကျော်ဖြတ်လေ့ရှိတတ်သည်ဟု ရန်ကုန်-ပုသိမ် ကားလမ်းပေါ်ဖြတ်သန်းမောင်းနှင်နေသော ၁၂ ဘီးကုန်ကား ယာဉ်မောင်းတစ်ဦးက ပြောဆိုသည်။

**ခင်ဆိုင်**

# ထိုင်း-မြန်မာ နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

ထိုင်း-မြန်မာ နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ဟွေအင်းမြို့၌ မတ် ၂၀ရက်နှင့် ၂၁ ရက်တို့က ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ဦးဆောင်သည့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှ ကိုယ်စားလှယ် ၁၈ ဦး တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Varonon Peetiwan ဦးဆောင်သည့် အဖွဲ့ဝင် ၂၂ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ် (TR-38) ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးရေးစခန်းများဖြစ်သည့် စမုပရာကန်၊ မဟာချိုင် (၁) နှင့် (၂) တို့သို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုကာ အလုပ်သမားများနှင့် တွေ့ဆုံ၍ လာရောက်ဆောင်ရွက်ရသည့်အခက်အခဲများ၊ ပွဲစားများနှင့် အလုပ်ရှင်များ၏ ငွေကြေးပိုမိုကောက်ခံမှု ရှိ/မရှိ အခြေအနေများ၊ နယ်ကျော်လာရောက်ရသဖြင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ စခန်းများ၌ စောင့်ဆိုင်းနေရမှုများကို မေးမြန်းခဲ့ပြီး အလုပ်သမားများအား အားပေးစကားပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ CI ထုတ်လုပ်ပေးမှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အလုပ်သမားများ တွေ့ကြုံရသည့် အခက်အခဲများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးစေလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းဝေးကို မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့က ထိုင်းနိုင်ငံ ဟွေအင်းမြို့၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေး၌ B.E .2559 (2016) ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများ အလုပ်လုပ်ကိုင်ခြင်းအတွက် ခေါ်ယူခြင်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံသို့ အလုပ်သမားခေါ်ယူခွင့်ရ လိုင်စင်ရကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ ဖွင့်လှစ်ထားသည့် ရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုလက်ခံရေးနှင့် မိသားစုပြန်လည်ပေါင်းစည်းရေးဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity - CI) ထုတ်ပေးသည့် လုပ်ငန်းစဉ်များ၏ အားနည်းချက်များ၊ ပွဲစားများ ပါဝင်ပတ်သက်သည့် အခြေအနေနှင့် လိုအပ်ချက်များ ၊ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်သည့် MoU လုပ်ငန်းစဉ်တွင် တွေ့ကြုံရသည့် အခက်အခဲများ ထိုင်းနိုင်ငံ၊ ရေလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများကိစ္စ၊ ယာယီနိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးတော့မည့် အလုပ်သမားများအတွက် အထောက်အထားများထုတ်ပေးနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၂ ရက်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းနှင့်အတူ ဗန်ကောက်မြို့ရှိ ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ လိပ်ကျွန်းလူသတ်မှုအတွက် သေဒဏ်ချမှတ်ခံနေရသော မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့အား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည့်အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းရှေ့နေများကောင်စီသို့ သွားရောက်၍ သေဒဏ်ကျခံနေရသော မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့၏ အမှုအခြေအနေနှင့် အထူးအယူခံနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ရာ အယူခံအတွက် တင်သွင်းရမည့် အချက်အလက်အထောက်အထားများကို မတ် ၂၃ ရက်တွင် အပြီးတင်သွင်းရမည်ဆိုသော်လည်း လိုအပ်သည့် အထောက်အထားများ ထပ်မံရှာဖွေတင်ပြနိုင်ရေးအတွက် အမှုအား လိုက်ပါဆောင်ရွက်လျက်ရှိသော ထိုင်းရှေ့နေများကောင်စီ၏ လုပ်ငန်းအဖွဲ့မှတောင်းဆိုမှုအရ ဧပြီ ၂၃ ရက်သို့ ရွှေ့ဆိုင်းပေးခဲ့သဖြင့် အထောက်အထားစုဆောင်းရန် တစ်လခန့် အချိန်ရရှိခဲ့ကြောင်း၊ ယင်းအမှု၏ နောက်ဆုံးအယူခံကိစ္စအတွက် မြန်မာနိုင်ငံမှ ဥပဒေရေးရာ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ မကြာမီထိုင်းနိုင်ငံသို့လာရောက်၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*✻ ကျောဖုံးမှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဦးစွာပထမ လက်ဆင့်ကမ်း သယ်ဆောင်ပြေးမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော ပြေးခုန်ပစ်အားကစားသမား စန်းနိုင်နှင့် အရန်အားကစားအဖွဲ့ထံ Baton အား လွှဲပြောင်းပေးအပ်သည်။

မလေးရှားနိုင်ငံ လူငယ်နှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလံဝှေ့ယမ်းခြင်းနှင့်အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာလွှတ် Air Hom သံပေး၍ Baton အား စတင်လက်ဆင့်ကမ်းသယ်ဆောင်ပြေးရန် တာလွှတ်ပေးသည်။

အဆိုပါ Baton အားရွေးချယ်ထားသော အဓိကအားကစားသမားများ ၊ အရန်အားကစားသမားများ၊ စက်ဘီးစီးအားကစားသမားများအဖွဲ့က ပြည်သူ့ရင်ပြင်မှ ဗဟန်းအားကစားကွင်းရှေ့ (1st Checkpoint)၊ ကြားတောရလမ်းဆုံ (ရွှေတိဂုံစေတီတော် 2nd Checkpoint)၊ အောင်ဆန်းအားကစားပြိုင်ဝင်းရှေ့ (3rd Checkpoint) နှင့် ဦးဝိစာရနှင့် အလုံလမ်းဆုံ (4th Checkpoint) အသီးသီးသို့ သယ်ဆောင်ပြေးပြီးနောက်ဆုံးတွင် တာလွှတ်ခဲ့သည့် ပြည်သူ့ရင်ပြင်သို့ ပန်းဝင်ခဲ့သည်။ နောက်ဆုံးလက်ဆင့်ကမ်းသယ်ဆောင်ပြေးလာသော အားကစားသမား ကျော်ကျော်ဝင်းက ပြည်ထောင်စုဝန်ကြီးထံသို့ Baton အား လွှဲပြောင်းပေးအပ်သည်။



**ဆီးဂိမ်းအကြို** Baton Run **လက်ဆင့်ကမ်းပြေးပွဲကြီးကျင်းပစဉ်**
(ဓာတ်ပုံ-တင်စိုး)

ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် Rising together Baton Run အစီအစဉ်အား ဆက်လက်၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Jukr Boon Long ထံသို့ လွှဲပြောင်းပေးအပ်သည်။

(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို (၁၉-၈-၂၀၁၇) ရက်နေ့မှ (၃၀-၈-၂၀၁၇) ရက်နေ့အထိ လည်းကောင်း၊ (၉) ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲကို (၁၇-၉-၂၀၁၇) ရက်မှ (၂၃-၉-၂၀၁၇) ရက်နေ့အထိ လည်းကောင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိရာ မလေးရှားနိုင်ငံအနေဖြင့် ယင်းအားကစားပြိုင်ပွဲများနှင့် ဆက်စပ်၍ ၂၀၁၇ ခုနှစ် မတ်လ ပထမပတ်မှ မေလဒုတိယပတ်အထိ တီမောလက်စတေအပါအဝင် အရှေ့တောင်အာရှနိုင်ငံရှိ မြို့ကြီးများတွင် ကျင်းပကာ ကျင်းပသည့်မြို့ကြီးများရှိ အထင်ကရနေရာများ ကမ္ဘာကသိရှိပြီး ခရီးသွားလုပ်ငန်း အထောက်အကူပြုရန်နှင့် အားကစားသမားအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက်ရည်ရွယ်ကာ ပထမဆုံး အကြိမ်ကျင်းပသည့် လက်ဆင့်ကမ်းပြေးပွဲကြီးဖြစ်ကြောင်း သိရသည်။

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ (၂၃ )ရက်**
**၂၀၁၆-၂၀၁၇ ပညာသင်နှစ်**
**အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ အဌမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဖြိုးသက်နိုင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနှင်းသီရိကျော် | အထက(၁) မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ဆာဘော်ဇော်ဆီး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မထက်ထက်ရှိန် | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထက်နိုင်လင်း | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မနှင်းဖြူဖြူသန့် | အထက-ဟိုပင် | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ဇော်မျိုးသန့် | အထက(၂ )ရွှေကူ | ရွှေကူ | ဗန်းမော် |
| ၈ | မဝင်းလဲ့လဲ့မောင် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်စိုင်းခွန်စိုးလင်း | အလက-မြို့မ | ပူတာအို | ပူတာအို |
| ၁၀ | မဒေစီထွယ်နူး | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ရဲရင့်အောင် | အထက(ခွဲ)ငွေတောင်(၂) | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မနန်းအေးမြတ်ချမ်းဇံ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စောလင်းထက်ကိုကို | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၄ | မခိုင်လဲ့သင်း | အထက-ဘော်လခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၅ | စောကဲဗလု | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | မအေးမီမွန် | အထက(ခွဲ) (၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်မင်းခန့်ညား | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မကြယ်စင်မြင့်ဆွေ | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မရှယ်ရှန်ဒါရ်ရှန့်မ်တီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ကောင်းထက်ဇော် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ဂိုးဆွင်းမွမ်း | အထက-တွန်းဇံ | တွန်းဇံ | ဖလမ်း |
| ၂၂ | မလာလ်ရွတ်ကိမ်း | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မအက်စတာခင်စန်းဦး | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်လိန်းမာန် | အထက(၁)မတူပီ | မတူပီ | မင်းတပ် |
| ၂၅ | မောင်စည်ဝေဖြိုး | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မခင်ချမ်းမြေ့ထွန်း | အထက-အလ္လကပ္ပ | မြင်းမူ | စစ်ကိုင်း |
| ၂၇ | မောင်ဝေယံဘုန်းမြင့် | ပါရမီ (ကပက) | မုံရွာ | မုံရွာ |
| ၂၈ | မဆုရွှေရည်ဖူး | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၂၉ | မောင်ဖြိုးထက်အောင် | အလက(ခွဲ)ကျီကုန်း | ကျွန်းလှ | ရွှေဘို |
| ၃၀ | မောင်ထက်ဝေယံဟိန်း | အထက-ဝက်လက် | ဝက်လက် | ရွှေဘို |
| ၃၁ | မစိုးဝတီလှိုင် | အထက-ဝက်လက် | ဝက်လက် | ရွှေဘို |
| ၃၂ | မလင်းလက်ရှင်းသာ | TWS (ကပက) | ရွှေဘို | ရွှေဘို |
| ၃၃ | မအိမွန်စံ | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မောင်သက်ဇော်နိုင် | အလက(ခွဲ)ကျွန်းဖိုပင် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၅ | မဆုရတီဦး | အထက-ကလေးဝ | ကလေးဝ | ကလေး |
| ၃၆ | မောင်ကောင်းမြတ်ဇော် | အထက-မင်းကင်း | မင်းကင်း | ကလေး |
| ၃၇ | မောင်ကျော်မျိုးထက် | အထက(၃)ကသာ | ကသာ | ကသာ |
| ၃၈ | မောင်ကျော်သူရလွင် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၉ | မမိုးသက်ဆွေ | အထက-အင်းတော် | အင်းတော် | ကသာ |
| ၄၀ | မဂျူးမီမီကျော် | အထက(၃)ကသာ | ကသာ | ကသာ |
| ၄၁ | မောင်အောင်ခန့်ဇော် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၂ | မဝင့်ဝါအတွယ်တာ | အထက-မင်းယား | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မမေဖူးမြတ်စိုး | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မောင်ထက်ဝေအောင် | အလက-မြို့မ | ခန္တီး | ခန္တီး |
| ၄၅ | မောင်စိုးဝေယံထက် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မမြတ်သိင်္ဂီချော | အလက(ခွဲ)တီတွတ်ပြင် | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်လှဘုန်းဟန် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မရွှေစင်သန့် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်ပြည်ဟိန်း | အထက-ရှပ်ပုံ | ပုလော | မြိတ် |
| ၅၀ | မချူးချူးယမုံ | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်အံ့ဘုန်းမာန် | အထက(၂)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၂ | မောင်ရှိုင်းလင်းအောင် | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၃ | မသဲဆုခိုင်ဦး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မဆုဖြူစင်ဦး | အထက(ခွဲ)ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၅ | မောင်ထက်ဝေလင်း | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၅၆ | မောင်ကောင်းလျှံ | အထက(ခွဲ)ပဲခူးရပ် | ကျောက်ကြီး | တောင်ငူ |
| ၅၇ | မစုယဉ်အေး | လေ့ကျင့်ရေးအလယ်တန်းကျောင်း | တောင်ငူ | တောင်ငူ |
| ၅၈ | မထက်ထက်မင်းဦး | အထက-ညောင်ခြေထောက် | အုတ်တွင်း | တောင်ငူ |
| ၅၉ | မောင်ခန့်ထက်အောင် | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၀ | မောင်အောင်မိုးမြင့် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၆၁ | မသီရိဇော် | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၂ | မသွန်းဖြိုးလှိုင် | အထက-မိုးညို | မိုးညို | သာယာဝတီ |
| ၆၃ | မောင်ဖုန်းမြတ်မင်း | အထက-ပေါက်ခေါင်း | ပေါက်ခေါင်း | ပြည် |
| ၆၄ | မောင်ဘုန်းမြတ်ပိုင် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၅ | မစိန်စီတိုး | အထက(ခွဲ)အောင်ဆန်း | ပြည် | ပြည် |
| ၆၆ | မမေသူကျော် | အထက(ခွဲ)မင်းကွက် | ပေါင်းတည် | ပြည် |
| ၆၇ | မောင်အောင်ဘုန်းပိုင် | MEC (ကပက) | မကွေး | မကွေး |
| ၆၈ | မောင်ခန့်ညီညီအောင် | အထက(၃)ချောက် | ချောက် | မကွေး |
| ၆၉ | မဖြိုးသီရိလွင် | အလက-ကန်သာ | မကွေး | မကွေး |
| ၇၀ | မကြယ်စင်လင်းလက် | သရပါ (ကပက) | ချောက် | မကွေး |
| ၇၁ | မောင်အောင်ခန့်ဇင် | အထက(၁)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၇၂ | မမေမြတ်လင်း | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်ခန့်ကျော်ဇော | အထက-ပခန်းကြီး | ရေစကြို | ပခုက္ကူ |
| ၇၄ | မချမ်းမြေ့ကြည်သာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်ပိုင် | အထက(၂)သရက် | သရက် | သရက် |
| ၇၆ | မောင်ဇွဲရှိန်လင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၇၇ | မဆုမြတ်နှင်း | အထက(ခွဲ)အင်းဘဲ | ကံမ | သရက် |
| ၇၈ | မဆုလဲ့မွန် | အထက-မလွန် | မင်းလှ | သရက် |
| ၇၉ | မောင်မြတ်သုခ | အထက-ကန် | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မခင်ပြည့်စုံ | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၈၁ | မောင်ကျော်ညီသာ | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်အာကာကျော် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခိုင်မြတ်သွယ် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မကြယ်စင်သိန်း | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်မင်းဗညားကို | အလက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၆ | မဝင့်ဖူးအိမ် | အထက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၇ | မောင်ဇင်လင်းနိုင် | အလက-စကားအင်း | တံတားဦး | ကျောက်ဆည် |
| ၈၈ | မဖြူသန့်ကျော် | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်ဟိန်းထက်ညီ | အထက-ဆီမီးကန် | တောင်သာ | မြင်းခြံ |
| ၉၀ | မမိုးမြင့်စံ | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်မင်းသက်ထွဋ် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မယဉ်မင်းကို | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်ဟိန်းထက်အောင် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မယွန်းပွင့်သူ | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်မင်းသန့်ကျော်စွာ | အထက(၅)လျှော်ဖြူကုန်း(ရ) | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မကြယ်စင်ထက်ညွန့် | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်ပြည့်စုံဖြိုး | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၉၈ | မင်းဒေရတ် | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မဆုမြတ်ဦး | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မသရဖီ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်ခန့်ကြယ်စင် | အထက-တောင်စွန်း | ဘီးလင်း | သထုံ |
| ၁၀၂ | မခင်နဒီကျော် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |

*ဆက်လက်ဖော်ပြပါမည်*

# အရပ်သားသေဆုံးမှုနှုန်း မြင့်မားလာသောကြောင့် အီရတ်တပ်ဖွဲ့ ထိုးစစ်ရပ်တန့်

**မိုဆူးလ် မတ် ၂၅**

အီရတ်အစိုးရတပ်ဖွဲ့အနေဖြင့် အရပ်သားသေဆုံးမှုနှုန်း မြင့်တက်လာသောကြောင့် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများလက်မှ မိုဆူးလ်အနောက်ဘက်ဒေသ ပြန်လည်ရရှိရေး ထိုးစစ်ဆင်မှုများအား မတ် ၂၅ ရက်က ခေတ္တခဏရပ်နားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

မတ် ၁၇ ရက်က အီရတ် သို့မဟုတ် အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းချီတိုက်ခိုက်မှုများကြောင့် အိုင်အက်စ်ထိန်းချုပ်နယ်မြေဖြစ်သည့် မိုဆူးလ်ရှိ အယ်လ်ဂျာဒီဒ့်ဟ်ဒေသတွင် လူပေါင်းများစွာ သေဆုံးဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည့် အစီရင်ခံစာအပေါ် ကုလသမဂ္ဂအနေဖြင့် စိုးရိမ်မှုဖြစ်ပေါ်ခဲ့သောကြောင့် ယခုကဲ့သို့ ထိုးစစ်ဆင်မှုများအား ခေတ္တခဏရပ်နားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ပြည်သူများအသက်ဆုံးရှုံးခဲ့ရသည့်အပေါ် များစွာစိတ်မကောင်းဖြစ်ရကြောင်း အီရတ်နိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး လိုက်စ်ဂရန်ဒီက သတင်းထုတ်ပြန်ချက်တွင် ပြောခဲ့သည်။ အိုင်အက်စ်အကြမ်းဖက်ဆန့်ကျင် လေကြောင်းချီတိုက်ခိုက်မှုများပြီးနောက် လူပေါင်းများစွာ အဆောက်အအုံအပျက်အစီးများအောက်တွင် မြေမြှုပ်ပြီးသားဖြစ်ခဲ့ကြောင်း၊ အရပ်သားကာကွယ်ရေးအဖွဲ့ အရာရှိများနှင့် ဒေသခံများက ပြောခဲ့သည်။

အဆောက်အအုံများ မည်သည့်အတွက်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့သလဲဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။ ဒေသခံနှစ်ဦးနှင့် ရှေ့နေတစ်ဦးတို့က လေကြောင်းတိုက်ခိုက်မှုသည် ဖောက်ခွဲပစ္စည်းများ အပြည့်တင်ထားသော အိုင်အက်စ် ကုန်တင်ယာဉ်ကို ထိမှန်ရာမှတစ်ဆင့် အဆောက်အအုံများ ပျက်စီးခဲ့ခြင်းဖြစ်နိုင်ကြောင်း ပြောခဲ့ သည်။

အရပ်သားသေဆုံးမှုအရေအတွက် ဖော်ပြချက်များကွဲပြားမှုများ ရှိနေသေးသော်လည်း ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် အဆောက်အအုံအပျက်စီးများအောက်မှ သေဆုံးသူ ၄၀ ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးအကြီးအကဲ အယ်လ်ဂျာဝါရီက သတင်းထောက်များကို ပြောခဲ့သည်။

**(ရိုက်တာ)**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးအသေခံဗုံးဖောက်ခွဲ

**ဒါကာ မတ် ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုအနီးတွင် ယမန်နေ့ညက အသေခံဗုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အသေခံဗုံးခွဲသမားဟု သံသယရှိသူတစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

အသက် ၂၅ နှစ်ခန့်ရှိ လူငယ်တစ်ဦးသည် ၎င်း၏ အိတ်အတွင်းမှ ဗုံးတစ်လုံးဖြင့် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ဒါကာမြို့ ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။ အသေခံဗုံးဖောက်ခွဲမှုတွင် ဒဏ်ရာရရှိသူမရှိသော်လည်း မည်သည့်အဖွဲ့က ထိုသို့ ပြုလုပ်ခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

ယခင်အပတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု နှိမ်နင်းရေး အထူးတပ်ဖွဲ့(အာရ်အေဘီ)၏ ဌာနချုပ်ကို ဦးတည်၍ အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ပြီးနောက် နိုင်ငံအတွင်းရှိ လေဆိပ်များနှင့် အကျဉ်းထောင်များ အပါအဝင် မဟာဗျူဟာကျသော နေရာများတွင် အရေးပေါ်တပ်လှန့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒါကာမြို့ရှိ ဟဇ်ရက်တ်ရှက်ဟ်ဂျာလယ် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအထူးတပ်ဖွဲ့ ဌာနချုပ်အားဦးတည်၍ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့မှုကြောင့် အသေခံဗုံးခွဲသမား သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဥရောပသမဂ္ဂပေါင်းစည်းရေး လူထောင်ပေါင်းများစွာ ဆန္ဒပြ

**လန်ဒန် မတ် ၂၅**

လွန်ခဲ့သော ၄၄ နှစ်ကတည်းက ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်ခဲ့သော လန်ဒန်နိုင်ငံအနေဖြင့် ၎င်းမှခွဲထွက်ရေးဆောင်ရွက်မှုများ မစတင်မီ ၄ ရက်အလို မတ် ၂၅ ရက်က ဥရောပသမဂ္ဂမှ လန်ဒန်ခွဲထွက်ရေးကို ဆန့်ကျင်သည့် လူထောင်ပေါင်းများစွာ လန်ဒန်သို့ ချီတက်ဆန္ဒပြခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ ဥရောပသမဂ္ဂပေါင်းစည်းရေး ချီတက်ဆန္ဒပြမှုများသည် ပါလီမန်အရှေ့တွင် ရပ်တန့်သွားခဲ့ကာ လန်ဒန်အကြမ်းဖက်တိုက်ခိုက်မှုတွင် သေဆုံးခဲ့သော လူလေးဦးအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် တစ်မိနစ် ရပ်တန့်ကာ ဆုတောင်းခဲ့ကြောင်း သိရသည်။

ပါလီမန်သို့ ချီတက်ရာလမ်းတစ်လျှောက်တွင် ဆန္ဒပြလူအုပ်ကြီးသည် ဥရောပသမဂ္ဂအလံများကို ဝှေ့ယမ်း၍ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေး ရပ်တန့်ပေးဆိုသည့် ကြွေးကြော်သံများဟစ်ကြွေးခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂ တည်ထောင်ခြင်းနှစ် ၆၀ မြောက် အထိမ်းအမှတ်အနေဖြင့် ဥရောပသမဂ္ဂ ပျော်ရွှင်သော မွေးနေ့ဖြစ်ပါစေဟု အချို့ဆန္ဒပြသူများက ဟစ်ကြွေးခဲ့ကြောင်း သိရသည်။

ထရီဆာမေအနေဖြင့် ဥရောပသမဂ္ဂမှ ဗြိတိန် နှစ်နှစ်ကြာခွဲထွက်ရေး အစီအစဉ်များကို လာမည့် မတ် ၂၉ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



# ဖိလစ်ပိုင်သမ္မတဒူတာတေး တရုတ်သို့ မေလတွင်သွားရောက်မည်

**မနီလာ မတ် ၂၅**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုရိုဝါ ဒူတာတေးသည် လာမည့်မေလတွင် တရုတ်နိုင်ငံသို့ ဒုတိယအကြိမ်မြောက် သွားရောက်မည်ဖြစ်ပြီး ခေတ်သစ်ပိုးလမ်းမကြီး ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ ဖော်ပြသည်။

တရုတ်သမ္မတ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ ခေတ်သစ်ပိုးလမ်းမကြီးသည် တရုတ်နိုင်ငံ၏ကြီးမားသော စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း မနီလာမြို့တွင် ကျင်းပသော စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖိလစ်ပိုင်-တရုတ်အသင်း (အက်ဖ်အက်ဖ်စီစီစီအိုင်အိုင်) ၏အစည်းအဝေးတစ်ခုတွင် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ငှက်ပျောတင်ပို့မှုသည် ယခင်နှစ်ကထက် နှစ်ဆတိုးလာကြောင်း၊ နာနတ် တင်ပို့မှုသည်လည်း ၅၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ထို့ကြောင့် တရုတ် နိုင်ငံအား ကျေးဇူးတင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်ထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် တရုတ်၏ စီးပွားရေးတံခါးပေါက်များကို ဖွင့်လှစ်ပေးမည်ဟု တရုတ်က ကတိပြုခဲ့ကြောင်း ဒူတာတေးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ယခုအချိန်အထိ မည်သည့်နိုင်ငံနှင့်မျှ စစ်ရေးအရ မဟာမိတ်ဖွဲ့ရန် စီစဉ်ထားခြင်းမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအား နားလည်ပြီး ဆန့်ကျင်မှုမပြုသည့်နိုင်ငံကို မိတ်ဆွေ နိုင်ငံအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း ဒူတာတေးက တရုတ်နိုင်ငံအား ရည်ညွှန်းလျက်ပြောဆိုလိုက်သည်။ **(ဆင်ဟွာ)**

# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရန်ပုံငွေလှုပ်ရှားမှုအဖြစ် ကမ္ဘာမြို့ပေါင်း ၇၀၀၀တွင် မီးများခေတ္တဖြတ်ခဲ့

**ဆစ်ဒနီ မတ် ၂၅**

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရန်ပုံငွေလှုပ်ရှားမှု ၁၀ကြိမ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မတ် ၂၅ ရက် ညနေ ၈ နာရီခွဲတွင် ကမ္ဘာတစ်ဝန်း မီးများ ခေတ္တခဏဖြတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လူတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာကာ ကမ္ဘာကြီးပူနွေးမှု မြင့်တက်လာသဖြင့် ၎င်းကိုဆန့်ကျင်သည့် အဆိုပါလှုပ်ရှားမှုကို ဩစတြေးလျနိုင်ငံတွင် ၂၀၀၇ ခုနှစ်က ကနဦးခြေလှမ်းအဖြစ် စတင်ခဲ့သည်။

၂၀၁၇ ခုနှစ် အဆိုပါလှုပ်ရှားမှုများတွင် မီးခေတ္တခဏဖြတ်ပေးသည့် အစီအစဉ်တစ်ခုလည်း ပါဝင်ခဲ့ရာ နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိ မြို့ပေါင်း ၇၀၀၀ ၌ မီးအား တစ်နာရီတိတိဖြတ်ပေးခဲ့ကြောင်း သိရသည်။ မီးဖြတ်ခဲ့သည့် ဩစတြေးလျရှိ ထင်ရှားသောနေရာများမှာ ဆစ်ဒနီ အော်ပရာဟောက်စ်၊ ဆိပ်ခံတံတား၊ လူနာပန်းခြံ၊ မြို့တော်ခန်းမ၊ နှင့် ဆစ်ဒနီတာဝါအိုင်းစ်တို့ဖြစ်ကြပြီး နိုင်ငံတကာတွင် ဒူဘိုင်းရှိ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ၊ လန်ဒန်ရှိ ဘစ်ဘန်နှင့် ပါလီမန်၊ မော်စကိုတွင် ကရင်မလန်နှင့် အီဂျစ်တွင် ပိရမစ်နှင့် အခြားထင်ရှားသော နေရာများဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းက ကမ္ဘာကြီးပူနွေးလာခြင်းအပေါ် သတိထားမိကာ သင့်လျော်သော ဆောင်ရွက်ချက်များ ပြုလုပ်ရန်အတွက် မီးမောင်းထိုးပြခဲ့ပြီး လျှပ်စစ်မဂ္ဂါဝပ် အနည်းငယ်ချွေတာမှုပြုခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# မန္တလေးတက္ကသိုလ်၌ ပထမဆုံးအကြိမ် သင်္ကြန်အကြိုပွဲတော်ကျင်းပ

**မန္တလေး မတ် ၂၅**

မန္တလေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ ခုနှစ် ကျောင်းသားကျောင်းသူများ၏ ပထမဆုံးအကြိမ် သင်္ကြန်အကြိုပွဲတော်ကို မတ် ၂၅ ရက် နံနက် ၈ နာရီက မန္တလေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပခဲ့ရာ မြန်မာ့ရိုးရာ သင်္ကြန်သီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုဖျော်ဖြေကြပြီး ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာသင်္ကြန်၏ အစဉ်အလာကို ထိန်းသိမ်းတတ်စေရန်၊ မန္တလေးတက္ကသိုလ်၏ သင်္ကြန်ပုံရိပ်များကို ပြန်လည်ဖော်ထုတ်ရန်နှင့် စာမေးပွဲကာလအတွင်း စိတ်ဖိစီးမှုများလျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါသင်္ကြန်အကြိုပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကော်မတီမှ တတိယနှစ်ကျောင်းသား ကိုသီဟကျော်ဇင်က ပြောသည်။

“ဒီပွဲမှာ ရိုးရာသင်္ကြန်ရဲ့ပုံရိပ်တွေကို ဖော်ထုတ်တဲ့အနေနဲ့ မြန်မာသင်္ကြန်သီချင်းတွေကို သီဆိုပြီး မြန်မာ့ဆိုင်းဝိုင်းနဲ့အတူ ကျောင်းသူလေးတွေရဲ့ ယိမ်းအကနဲ့ ဖျော်ဖြေခဲ့ပါတယ်။ ရေဖလား၊ သပြေခက်တွေနဲ့ အချင်းချင်းရေပက်ကစားကြပြီး ဖွင့်ပွဲကို ကျင်းပခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ခေတ်သင်္ကြန်အနေနဲ့ DJ တီးလုံးတွေနဲ့အတူ အဆိုတော် ဂျေဖိုင်းယား၊ ရဲရင့်အောင်၊ အိုအေစစ်စတဲ့ အဆိုတော်တွေရဲ့ သီဆိုမှုနဲ့အတူ ပျော်ရွှင်စွာကခုန်ရင်း ရေပက်ကစားခဲ့ကြပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် ဒုတိယနှစ်ကျောင်းသူတစ်ဦးကလည်း “စာမေးပွဲဖြေဖို့ တစ်ဘာသာကျန်နေပေမယ့် ဆရာမတွေကို သပြေခက်နဲ့ရေပက်ပြီး ဂါရဝပြုချင်လို့လာခဲ့တာပါ။ သူငယ်ချင်းတွေနဲ့လည်း အပြန်အလှန်ရေပက်ကစားခဲ့ရလို့ စိတ်ထဲမှာကြည်လင်သွားခဲ့ပါတယ်”ဟု ပြောသည်။

ယင်းသင်္ကြန်ပွဲတော်ဖြစ်မြောက်ရန်အတွက် ကျောင်းသားဟောင်းများက ငွေကြေးမတည်ကူညီပေးခဲ့ပြီး အခြားအလှူရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာသင်္ကြန် အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်နှင့် မုန့်လက်ဆောင်းတို့ကိုလည်း ညှော်ခံကျွေးမွေး၍ နှစ်သစ်ကို အေးချမ်းပျော်ရွှင်စွာ ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## မှုခင်းကြိုတင်ကာကွယ်ခြင်းနှင့် လုံခြုံရေးဆောင်ရွက်မည့် အစီအမံညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ မတ် ၂၃ ရက်က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဟာသင်္ကြန်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် မှုခင်းကြိုတင်ကာကွယ်ခြင်းနှင့် လုံခြုံရေးဆောင်ရွက်မည့် အစီအမံညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးအစီအမံများနှင့်အညီ ရဲတပ်ဖွဲ့အနေဖြင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ကိုလည်းကောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် လုံခြုံရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို ယခုအချိန်မှစတင်၍ အရှိန်မြှင့်ဆောင်ရွက်ကြရန်နှင့် သင်္ကြန်ပွဲတော်အတွင်း အများပြည်သူအတွက် ဝန်ဆောင်မှုများကို ယခင်နှစ်ထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားရန်ကို လည်းကောင်း မှာကြားခဲ့ပြီး တက်ရောက်လာသူများမှ လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဦးစီးအရာရှိ(ပထမတန်း)၊ ရဲအကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၅**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ နေပြည်တော်(ဇေယျာသီရိ)၊ ကျောက်ဆည်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့၊ တောင်ငူမြို့နှင့် ရွှေကျင်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၉၁ လက်မ ဖြစ်သည်။

**(မိုး/ဇလ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၉ စီး၊ သွင်းကုန် ၈၀၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၆၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၂၃၇ သန်းခန့် စုစုပေါင်းငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂၃၇ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၃ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Winner Express ခရီးသယ်တင်ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စပီကာ(အသေး)များ၊ Welding Machine၊ နာရီများ၊ Handphone များနှင့် အဝတ်အထည်များ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော စပီကာ(အသေး)များ၊ Welding Machine၊ နာရီများ၊ Handphone များနှင့် အဝတ်အထည်များ**

## အများပြည်သူထံသို့ အသိပေး

**ရန်ကုန် မတ် ၂၅**

ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း Shut Down လုပ်ငန်းအား ၂၅.၃.၂၀၁၇မှ ၂.၄.၂၀၁၇ ရက်အထိ ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရတနာကမ်းလွန်ဓာတ်ငွေ့သုံး စက်ရုံများမှ ထုတ်လုပ်မှုလျော့နည်းသွားသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း (40-80)MW ခန့် အလှည့်ကျ ဝန်အားလျော့မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်ဓာတ်အားဖြန့်ဖြူးမှုစနစ် တည်ငြိမ်စေရေးအတွက် ဝန်အားလျှော့ချရခြင်းကြောင့် ယာယီမီးပြတ်တောက်မှုများ ပေါ်ပေါက်ရမှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတွင်း စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲအား ဖြိုတိသျှကောင်စီစာကြည့်တိုက်မှ ဆရာမ ဒေါ်မိုးမိုးစိုးနှင့် သပြေအဖွဲ့ မတ် ၂၂ ရက်နှင့် ၂၃ ရက်က ပို့ချစဉ်** မေသန္တာ(ပြန်/ဆက်)

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၅** - နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# မောင်တောမြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ လုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ညပိုင်းက လက်ခတ်လှေတစ်စင်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၄၇၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ လုံခြုံရေးလှည့်ကင်းဆောင်ရွက်စဉ် မတ် ၂၄ ရက် ည ၁၀နာရီခန့်က မင်္ဂလာကြီးချောင်း အနောက်ဘက်၌ မသင်္ကာဖွယ် သစ်သားလက်ခတ်လှေ တစ်စင်း တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လှေပေါ်ပါ လူလေးဦးခန့်မှာ အထုပ်များနှင့်အတူ ရေထဲသို့ခုန်ချထွက်ပြေးသွားခဲ့ပြီး ရေထဲတွင် မျောပါနေသော ပလတ်စတစ်ဖြင့်ထုပ်ထားသည့် အထုပ်များ သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ ပလတ်စတစ်ထုပ်များကို ဖွင့်ဖောက်စစ်ဆေးရာ (WY/R) ရေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၄၇၅ ပြား၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၉၅၀၀၀ ခန့်ဖြစ်ပြီး သိမ်းဆည်းရမိခဲ့သော လက်ခတ်လှေတစ်စင်းနှင့် မူးယစ်ဆေးဝါးများအား မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦး ပျောက်ဆုံး

**ရန်ကုန် မတ် ၂၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ မြို့မရပ်ကွက်နေသူတစ်ဦးသည် မတ် ၂၁ ရက် ညပိုင်းက မိကျောင်းခေါင်းဆွဲကျေးရွာသို့ သွားရောက်မည်ဟု ပြောဆိုပြီး ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်နေ ရှီဗလီ (ခ) နော်ဘီဟူဆောင်းသည် မတ် ၂၁ရက် ည ၉ နာရီခွဲက မိကျောင်းခေါင်းဆွဲကျေးရွာရှိ ယောက္ခမဖြစ်သူ မာမောက်ဖွေယော့၏ နေအိမ်သို့ သွားရောက်မည်ဟုပြောဆိုပြီး ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသည့်အတွက် ဇနီးဖြစ်သူ မဘာခါတူက ဘူးသီးတောင် မြို့မစခန်းတွင် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများသည် ပျောက်ဆုံးနေသူ ရှီဗလီအား မိကျောင်းခေါင်းဆွဲ ကျေးရွာ၊ မောင်လုမ ကျေးရွာ၊ ကူမီကာလီကျေးရွာ၊ ကုန်းတန်းကျေးရွာများသို့ လိုက်လံရှာဖွေခဲ့သော်လည်း ထူးခြားမှုတစ်စုံတစ်ရာမရှိသည့်အတွက် ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွေးကင်းစ ယောကျာ်းလေးတစ်ဦး နောက်ဖေးဆားပစ်ကျင်းပေါ် စွန့်ပစ်ထားမှု လှိုင်သာယာ၌ ဖြစ်ပွား

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၈) သခင်ဖိုးလှကြီး (၅)လမ်း အိမ်နောက်ဘက်မြောင်းရှိ ဆားပစ်ကျင်းပေါ်၌ မွေးကင်းစ ချက်ကြိုးတန်းလန်းဖြင့် ယောကျာ်းလေးတစ်ဦးအား မတ် ၂၅ ရက် နံနက် ၃ နာရီခန့်က စွန့်ပစ်ထားရာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် သားဖွားဆရာမတို့မှ ဆေးရုံသို့ အချိန်မီပို့ဆောင်နိုင်ခဲ့၍ အသက်ရှင်ခဲ့ပြီး ထိုကလေးငယ်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ယာယီစောင့်ရှောက်ထားကြောင်း သိရသည်။

"ကျွန်တော့်ကို ဆယ်အိမ်မှူးက သတင်းပို့လို့ အိမ်နောက်ဖေး ဆားပစ်ကျင်းအဖုံးပေါ်မှာ မွေးကင်းစ ကလေးငယ်လေးကိုတွေ့ရတယ်။ သားဖွားဆရာမ ချက်ချင်းခေါ်ပြီး မြို့နယ်ဆေးရုံကို ပို့တယ်။ ဆေးရုံမှာ ကလေးကျန်းမာရေး အခြေအနေကြည့်ပြီး ကလေးကို ပြန်ခေါ်လာတယ်။ အရန်သားဖွားဆရာမက နို့တိုက်ကျွေးတော့ ကလေးကစို့တယ်။ ဆေးရုံမှာက မစို့ဘူး။ အခုကလေးကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးခိုင်တို့အိမ်မှာ ယာယီထိန်းသိမ်းထားတယ်။ ကလေးပိုင်ရှင်ကို ညပိုင်းလောက်ဆိုရင် သိရမှာပါ။ အခုလည်း စုံစမ်းနေပါတယ်" ဟု အမှတ်(၁၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

အဆိုပါ ကလေးငယ်အား သခင်ဖိုးလှကြီး (၅) လမ်း၊ အမှတ် (၃၇၂/က)အိမ်နောက်ဘက်မြောင်းရှိ ဆားပစ်ကျင်းအဖုံးပေါ်မှ မအေးအေးဝင်း (၃၂ နှစ်)က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သားဖွားဆရာမမှ ချက်ကြိုးဖြတ်၍ နံနက် ၄ နာရီခွဲတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် မြို့နယ်ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူခဲ့ရာ ယခုအခါ ဆယ်အိမ်မှူးက ယာယီစောင့်ရှောက်ထားကြောင်း သိရသည်။

"ကလေးက အရှင်ဖြစ်လို့ စောင့်ကြည့်နေပါတယ်။ ပိုင်ရှင်ကိုလည်း စုံစမ်းနေပါတယ်"ဟု သောင်ကြီး စခန်းမှူး ရဲအုပ်ချစ်ကိုကိုက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပြလို့ကျေးရွာ၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**အောင်လံ မတ် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပြလို့ကျေးရွာ ပြလို့ရဲကင်းစခန်း မြောက်ဘက်တစ်ဖာလုံခန့်အကွာ ပြည်- အောင်လံ ကားလမ်းမကြီး အနောက်ဘက်၊ ဦးအေးကြိုင် ကြိတ်ခေါက်ဆွဲလုပ်ငန်း၏ နေအိမ်တွင် မတ် ၂၅ ရက် နံနက် ၂ နာရီ မိနစ်၅၀ ခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယင်းလောင်ကျွမ်းမှုကြောင့် ၎င်း၏သုံးပင်မြေစိုက် သွပ်မိုးထရံကာ ဝါးခင်းအိမ်မှာ ပျက်စီးဆုံးရှုံးခဲ့ရပြီး၊ ပြလို့ရဲကင်းစခန်းမှ ရဲအုပ်လှမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ စကားတောင် ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ကျော်စွာလတ်နှင့်တပ်ဖွဲ့ဝင်များ၊ ပြလို့ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ခွဲမှူး ဦးမျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၃ နာရီ ၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးခဲ့သည်။ ထို့ကြောင့် မီးကို ပေါ့ဆစွာသုံးစွဲသူ ဦးအေးကြိုင်အား ဒုရဲဗိုလ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# မီးလောင်ထားသောချုံအတွင်းမှ မပေါက်ကွဲသေးသည့် စစ်ကျန်ဗုံးသီးဟောင်းတွေ့ရှိ

**ရေတာရှည် မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာ ဘူတာဟောင်းအနီး ရထားသံလမ်းမိုင်တိုင် ၁၈၀/၈ ၏ အရှေ့ဘက် ပေ ၆၀ ခန့်အကွာ မီးလောင်ထားသည့် ချုံအတွင်း၌ စစ်ကျန်ဗုံးသီးဟောင်းတွေ့ရှိရကြောင်း ကြံသနွယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက မတ် ၂၅ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့မရဲစခန်းသို့ သတင်းပို့လာသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အရှည်တစ်ပေခန့်၊ ထိပ်ဝလုံးပတ် ရှစ်လက်မခန့်ရှိပြီး ဒလက်ပါ အမေရိကန်လုပ် ဗုံးသီးဟောင်းအား တွေ့ရှိခဲ့၍ သက်ဆိုင်ရာ နယ်မြေခံတပ်သို့ လွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


## ဖောင်ဒေးရှင်းထူထောင်ရန်ဖိတ်ခေါ်အပ်ပါသည်

၁။ ဗိုလ်ချုပ်အောင်ဆန်းရာပြည့်အထိမ်းအမှတ် ဖောင်ဒေးရှင်းထူထောင်ရန် ၂၉-၁-၂၀၁၇ ရက် တော်ဝင်နှင်းဆီ၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ဖောင်ဒေးရှင်းသည် ဗိုလ်ချုပ်အောင်ဆန်း သမိုင်းပြတိုက်များ တိုးတက်ပြုပြင်စောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံတွင်းရှိ လူငယ်များ၌ ဗိုလ်ချုပ်အောင်ဆန်း၏ မြင့်မြတ်သော စိတ်ဓာတ် အရည်အချင်းများ လက်ဆင့်ကမ်းအမွေပေးနိုင်မည့် လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ဖောင်ဒေးရှင်းဖွဲ့စည်းရာတွင် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထူထောင်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသူများစေတနာရှင်များ ပညာရှင်များ၏ ဝိုင်းဝန်းပံ့ပိုးမှု၊ လူအားဉာဏ်အားပေးမှုများ လိုအပ်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ဖောင်ဒေးရှင်းဖြစ်မြောက်အောင်မြင်ရေးအတွက် ကောင်းမွန်သော အကြံပြုချက်များနှင့် ဆန္ဒအလျောက် စိတ်ဝင်စားစွာ ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကို ဖိတ်ခေါ်အပ်ပါသည်။

၅။ သို့ဖြစ်၍ အောက်ပါပုဂ္ဂိုလ်များထံ E-mail(သို့)Message ဖြင့် ဆက်သွယ်ဆန္ဒပြုခြင်း၊ အကြံဉာဏ်ပေးပို့ခြင်းကို ၃၀-၄-၂၀၁၇ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **ဦးဟန်ဇော်** | **(ရန်ကုန်)** | **hzttah@gmail.com** |
| **ဦးချိုအောင်သန်း** | **(ရန်ကုန်)** | **ucho 47@gmail.com** |
| | | **272/12, Yankin ,Yangon** |
| | | **သို့ စာတိုက်မှ ပေးပို့နိုင်ပါသည်။** |
| **ဦးဇော်မင်း** | **(ရန်ကုန်)** | **ko.zaw.natmauk 52 @ gmail.com** |
| **ဦးဇော်ဝင်း** | **(ရန်ကုန်)** | **zinyawgyi @ gmail.com** |
| **ဒေါက်တာစိုးမင်း** | **(နတ်မောက်)** | **09-789262400** |
| **ဒေါ်ဆယ်သိန်း** | **(နတ်မောက်)** | **09-974871793** |
| **ဒေါ်နွဲ့အေး** | **(နတ်မောက်)** | **09-789262396** |

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ တိုက် (30/B)တွင် နေထိုင်ကြသော မစန္ဒာဝင်း ၉/မကန(နိုင်)၀၇၀၄၂၄၊ မခိုင်မာလာဝင်း ၉/မကန(နိုင်)၀၉၇၂၃၁နှင့် မသီတာဝင်း ၉/မကန(နိုင်)၀၉၇၂၀၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါ အတိုင်းကြေညာအပ်ပါသည်။

(Nyi Ma Lay) Facebook Account ပိုင်ရှင်သည် (မိုးကုတ်သူ မိုးကုတ်သား ဆုံစည်းမှု-ရန်ကုန် 2013 Group )တွင် Post နှင့် Comment များအား လွှဲအပ်ညွှန်ကြားသူ ကျွန်ုပ်မိတ်ဆွေ (၃)ဦးတို့၏ မိသားစု၊ ပတ်ဝန်းကျင်အပေါ်တွင် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ရေးသားပြောဆိုခဲ့ပါသည်။ (Nyi Ma Lay) Facebook Account ပိုင်ရှင်ဖြစ်စေ၊ (မိုးကုတ်သူ မိုးကုတ်သား ဆုံစည်းမှု- ရန်ကုန် 2013 Group )တွင်ဖြစ်စေ၊ အခြား Facebook Account နာမည်ဖြင့်ဖြစ်စေ ကျွန်ုပ် မိတ်ဆွေ (၃)ဦးတို့၏မိသားစု၊ ပတ်ဝန်းကျင်အပေါ်တွင် ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုခြင်း၊ ထင်ယောင် ထင်မှားဖြစ်စေရန် ရေးသားခြင်း၊ Post များတင်ခြင်းနှင့်ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံများတင်ခြင်းအပေါ်တွင် ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

ထို့အပြင် မပန်းအိဖြူ ၉/မကန(နိုင်)၁၁၀၀၃၁နှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စသော်လည်းကောင်း၊ လူမှုရေးကိစ္စရပ်သော်လည်းကောင်း၊ ကိစ္စအရပ်ရပ်များအား လွှဲအပ်ညွှန်ကြားသူ ကျွန်ုပ်မိတ်ဆွေ (၃)ဦး အပေါ်တွင် တာဝန်မရှိပါကြောင်းနှင့် (လုံးဝ)ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်လွင်ထွေး**

**(စဉ်-၃၈၅၀၉)အထက်တန်းရှေ့နေ၊**

**အမှတ် ၈၁၊ သူရလမ်း၊ (၉) ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊**

**ဖုန်း-၀၉-၅၁၂၀၈၂၇**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဇော်ထွေး ၆/ကသန(နိုင်)၀၄၉၀၆၂နှင့် ဒေါ်ချယ်ရီစိုး ၆/ကသန(နိုင်)၀၃၉၁၁၂တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှ လုံးဝပတ်သက်ခြင်းမရှိကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်သွယ်သွယ်ထွေး(LL.B,D.B.L)**

**အထက်တန်းရှေ့နေ(စဉ်-၄၀၆၈၆)၊ ဖုန်း-၀၉-၄၂၀၀၄၁၁၃၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၂)မရမ်းကုန်းတွင် အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာမဒေါ်နော်ရူထူး(ခ) ဒေါ်နန့်ချို ၁၂/မရက(နိုင်)၀၇၃၃၉၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)မြေကွက်အမှတ်(၁၈၈)မြေကွက်တည်နေရာ အမှတ်(၁၁၃)၊ပါရမီလမ်း၊(၁၆)ရပ်ကွက်၊ဦးခင်မောင်အမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဦးခင်မောင်(၁၂/လမန(နိုင်)၀၂၆၀၉၅)ကိုယ်တိုင်မူရင်းဂရန်ပျောက်ဆုံးကြောင်းကိုယ်တိုင်ဝန်ခံကတိပြုချက်၊တရားရုံးကျမ်းကျိန်လွှာ၊အမှတ်(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဌာနဝန်ခံချက်၊မြေပြင်ရှိ(၂)ခန်းတွဲ(၇)ထပ်တိုက်၊ကန့်ထရိုက်ပိုင်ဆိုင်သည့်အခန်း(၉)ခန်းနှင့်မိသားစုပိုင်(၅)ခန်းတို့အား တာဝန်ယူကြောင်းဝန်ခံကတိတို့ကိုတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးဖြစ်၍ကန့်ကွက်မည့်သူမရှိပါသဖြင့်ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါ၍(၂၄-၂-၁၉၉၈)-၁၈၅/၁၉၉၇ဖြင့်ထုတ်ပေးထားသည့်ဦးခင်မောင်အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2k/3201, Nissan TIIDA LATIO, S/L ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်လင်း ၉/ပဥလ(နိုင်)၀၂၁၄၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# ရန်ကုန်စာအုပ်လမ်းသို့ လာရောက်လေ့လာစေချင်

**ရန်ကုန် မတ် ၂၅**

စာအုပ်စာပေဖွံ့ဖြိုးရေး အစီအစဉ်အရ ရန်ကုန်မြို့ပိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံးရှေ့ ဗဟိုပုံနှိပ်တိုက် စက်ရုံရှေ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံး (ရန်ကုန်ရုံးခွဲ)ရှေ့နှင့် အနော်ရထာလမ်း ဗဟိုပုံနှိပ်တိုက်ဘက်ခြမ်း မျက်နှာစာတို့၌ စနေ၊ တနင်္ဂနွေရက်များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ရန်ကုန်စာအုပ်လမ်းတွင် တိုက်ရိုက်ရောင်းချသည့် စာပေတိုက်များ၊ စာပေတိုက်ပေါင်းစုံမှ စာအုပ်များကို တစ်စုတစ်ဝေးတည်း စုစည်းရောင်းချနေသည့် စာအုပ်ဆိုင်များ အပါအဝင် စာအုပ်ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ထားရာ စာပေ ချစ်မြတ်နိုးသူများနှင့် စည်ကားလျက်ရှိသည်။

ယနေ့ စနေနေ့ အားလပ်ရက် နံနက်ပိုင်း၌ ဝယ်ယူသူ၊ လေ့လာသူများ နည်းပါးပြီး ညနေပိုင်းတွင် ဝယ်ယူသူ၊ လေ့လာသူများဖြင့် ပြန်လည်စည်ကားလာသည်။

စာအုပ် အရောင်းဆိုင်များတွင် စာပေချစ်မြတ်နိုးသူများအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ သုတ၊ ရသ အဟောင်း၊ အသစ်လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်များ၊ ရှားပါးသည့် စာအုပ်များ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ကလေးငယ်များအတွက် ကျောင်းသုံးစာအုပ်နှင့် ပုံပြင်စာအုပ်များ၊ လွယ်အိတ်များကို ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

အချို့သောစာအုပ်ဆိုင်များသည် စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိရာ စာချစ်သူ၊ စာပေမွေ့သူများ၊ တစ်ခါတစ်ခေါက် လာရောက် လေ့လာစေချင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**ဇော်မင်းလတ်**

# မြန်မာအမျိုးသမီးအသင်း အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လူရွေး

**ရန်ကုန် မတ် ၂၅**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈ အာရှဖလားအမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(ဃ) ၌ ပါဝင်လျက်ရှိသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ၊ လက်ထောက်နည်းပြများအဖြစ် ဒေါ်သက်သက်ဝင်းနှင့် ဦးအောင်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ အသင်းဆရာဝန်အဖြစ် ဒေါ်ယုနန္ဒာထွန်း၊ အကြောကျွမ်းကျင်အဖြစ် ဦးထွန်းဇော်၊ ကစားသမားများအဖြစ် ဂိုးသမား-မြဖူးငုံ၊ မေဇင်နွယ်၊ ဇာဇာမြင့်၊ နောက်တန်း-ခင်သန်းဝေ၊ ငယ်ငယ်ထွေး၊ ဇင်မာထွန်း၊ လဲ့လဲ့လှိုင်၊ ဇင်မာဝင်း၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ အေးအေးမိုး၊ အလယ်တန်း -ခင်မာလာထွန်း၊ စန်းစန်းမော်၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ ရူပါခိုင်၊ အေးမိုးမြတ်၊ မေသူကျော်၊ လုယဉ်ဝင်း၊ ရှေ့တန်း -ခင်မိုးဝေ၊ ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ခြေစစ်ပွဲအုပ်စု (ဃ) ပွဲစဉ်များကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ အီရန်၊ ဆီးရီးယား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဧပြီ ၃ ရက်တွင် အီရန်၊ ဧပြီ ၇ ရက်တွင် ဆီးရီးယား၊ ဧပြီ ၉ ရက်တွင် စင်ကာပူ၊ ဧပြီ ၁၁ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်နေပြီး ၎င်းလက်ထက်တွင် ပထမဆုံးယှဉ်ပြိုင်သည့် အာရှအဆင့်ပြိုင်ပွဲလည်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင် ၂၀၀၃ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ကာ လေးကြိမ်စလုံး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

# ရေကြည်မြို့တွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသ

**ရေကြည် မတ် ၂၅**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်ခန်းမတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးနှင့် မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ဆေးရုံကြီးကြပ်မှုကော်မတီတို့၏ ဦးဆောင်မှုတို့ဖြင့် ပါမောက္ခ ဒေါ်ရင်ရင်ထွန်း ဦးဆောင်သော ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းကုသိုလ်ဖြစ် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု အထူးကုဆရာဝန်ကြီးများအဖွဲ့တို့က ဆေးကုသပေးခဲ့သည်။




ဆေးကုသပေးရာတွင် အထွေထွေကျန်းမာရေးဆိုင်ရာများ စစ်ဆေးကုသပေးခြင်းတို့ကို ဆရာဝန်ကြီးတို့က အဖွဲ့လိုက်စုပေါင်း၍ နံနက် ၁၀နာရီခွဲမှစ၍ လူ ၄၀၀ အား စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ဆေးကုသပေးသော ဆရာဝန်ကြီးများ အဖွဲ့အား မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိ/မြို့ဖများက အားပေးကူညီဆောင်ရွက်ပေးပြီး GLORIOUS FAMILY CO., Ltd. နှင့် ဦးစိုးနိုင်ခေါင်းဆောင်သော ရေကြည်ကြိမ်ကိုယ်စားလှယ်မိသားစုတို့က ဆေးဝါးကုသမှုခံယူသူ လူနာရှင်ပြည်သူများအား ကုသိုလ်ဖြစ် ထမင်းဘူးများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် (၇)ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် (၇)ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များ၊ တာဝန်ရှိသူများ၊ ဂျပန်ကုန်သည်ကြီးများအသင်း JCCM ဥက္ကဋ္ဌ Mr.Ryotaro Sumi၊ ရန်ကုန်ဂျပန်အသင်း (YJA) ဥက္ကဋ္ဌ Mr. Shigeto Motomiya နှင့်တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုရရှိသူများအား ဆုချီးမြှင့်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ ဂျပန် သံအမတ်ကြီး H.E.Mr.Tateshi Higuchi တို့က အကောင်းဆုံးဆုရ အားကစားသမားများဖြစ်သည့်(Senior) တန်း အမျိုးသားတစ်ဦးချင်း "ခတ" ပြိုင်ပွဲ၌ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ မင်းဟိန်းခန့်၊ အမျိုးသား(၆၇)ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အောင်ကျော်စိုး၊ အမျိုး သမီးတစ်ဦးချင်း"ခတ"ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ရီနွယ်ထွန်း၊ အမျိုးသမီး(၅၅)ကီလိုနှင့်အောက်"ကုမိတဲ့"ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဧပရယ်ဖောနှင့် Junior တန်း အမျိုးသမီး(၅၃)ကီလို အထက်"ကုမိတဲ့" ပြိုင်ပွဲတွင် မန္တလေးသိပ္ပံမှ သက်ဖူးဝေ၊ အမျိုးသား(၆၁)ကီလို အထက်"ကုမိတဲ့" ပြိုင်ပွဲတွင် မန္တလေး(သိပ္ပံ)မှ ဝေမင်းထွန်း၊ (Cadet)တန်း အမျိုးသမီး(၄၇)ကီလို အထက်"ကုမိတဲ့"ပြိုင်ပွဲတွင် ကယားပြည်နယ်မှ နေခြည်ထွန်း၊ အမျိုးသား(၅၇)ကီလိုအထက် "ကုမိ တဲ့" ပြိုင်ပွဲတွင် ရန်ကုန်(သိပ္ပံ)မှ ဘုန်းမြတ်စံတို့နှင့် ၂၀၁၇ ခုနှစ် (၇)ကြိမ် မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုဖလား ရရှိသွားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အား အကောင်းဆုံးဆုဖလားတို့နှင့်အတူ တံခွန်စိုက်ဒိုင်းဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **တင်စိုး(မြန်မာ့အလင်း)**





အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
၁၃၇၈ ခုနှစ် (၅၇)ကြိမ်မြောက်
ဩဝါဒါစရိယဆရာတော်ကြီးများအား
ပူဇော်ကန်တော့ပွဲ၊
ဩဝါဒါစရိယ ဆရာတော်ကြီးနှစ်ပါး၏
နိုင်ငံတော်မှ ဆက်ကပ်သောဘွဲ့တံဆိပ်တော်များ
အတွက် ဂုဏဝိသိဋ္ဌပူဇာ နှင့် အဘိဓမ္မာသင်တန်းပြ
ဆရာ/ဆရာမကြီးများအား ဂုဏ်ပြုထောပနာ
အခမ်းအနား ဖိတ်ကြားလွှာ

နိုင်ငံတော်မှ ဆက်ကပ်သော
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
တွံတေးဖက်ရွှေကျင် သာသနာ့ဗိုင်
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊
အဓိပတိဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ
မဟာထေရ် အရှင်သူမြတ်

နိုင်ငံတော်မှ ဆက်ကပ်သော
ဂုဏ်ထူးဆောင်ဓမ္မာစရိယ (D.Litt)
ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ်(ရန်ကုန်)၊
ပါမောက္ခချုပ် ဆရာတော်
ဒေါက်တာအရှင်ကုမာရ
မဟာထေရ် အရှင်သူမြတ်

၁၃၇၈ ခုနှစ် တန်ခူးလဆန်း (၅)ရက်၊
၂၀၁၇ ခုနှစ် ဧပြီလ (၁)ရက်၊ (စနေနေ့)
နံနက် ၈:၀၀နာရီ အချိန်တွင်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း(၃)လမ်း မှတ်တိုင်အနီး၊
အဘိဓမ္မရတနယရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး (စတုတ္ထထပ်)၌
ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဘိဓမ္မာသင်တန်းသူ/သားများ၊ ဓမ္မမိတ်ဆွေများနှင့်
ဗိမာန်တော်အလှူရှင်များအနေဖြင့် အခမ်းအနားသို့ ကြွရောက်ကြည်ညိုလှူဒါန်းပူဇော်နိုင်ကြပါရန်
လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက
ဖုန်း ၀၉ ၅၁၉၂၄၆၈၊ ၀၉ ၇၈၅၅၅၆၆၈၅၊ ၀၉ ၂၅၀၀၈၃၀၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



## ဝန်ထမ်းတစ်ဦးအလိုရှိသည်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာဝင်၊ ရတနာသုံးပါးကို အထူးကိုင်းရှိုင်း ရိုသေကိုးကွယ်သူ အမျိုးသား ဖြစ်ရပါမည်။

**စီမံရေးရာအုပ်ချုပ်ရေးမှူး(၁)ဦး**

**(ဘွဲ့ရ၊လုပ်ငန်းအတွေ့အကြုံရှိသူ၊ အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်း)**

လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက် အပြည့်အစုံ (CV) ဖြင့် အကျင့်စာရိတ္တကောင်း မွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်းနှင့်၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ Passport ဓာတ်ပုံ(၂)ပုံ၊ တစ်ကိုယ်လုံးပုံဓာတ်ပုံ(၂)ပုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ဦးလှဟန် (အုပ်ချုပ်ရေးမှူး-ဆွမ်း)ထံ ၊ နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီတွင် အောက်ဖော်ပြပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

မဟာစည်သာသနာ့ရိပ်သာ၊
အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊
ဗဟန်း၊ရန်ကုန်မြို့။
ဖုန်း- ၅၄၁၉၇၁၊ ၅၄၅၉၁၈



# ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏနေ
ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)-ဒေါ်နီနီတို့၏သားငယ်
**ဓာနည်ဝင်းမြင့်(ခ)ကောင်းသစ်ဝင်းမြင့် B.A(Eco)**
နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးဇော်ဝိတ်(Project Director, Asia World Co., Ltd)-
ဒေါ်စန်းစန်းငွေ
တို့၏တစ်ဦးတည်းသောသမီး
**ဖွေးအိဖြူ**
**(B.Com, LCCI Level 3, CAT, ACCA - Final)**
တို့သည် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ ၂၄-၃-၂၀၁၇ရက် (သောကြာနေ့)တွင် ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
**ဓာနည်ဝင်းမြင့်(ခ)ကောင်းသစ်ဝင်းမြင့်-ဖွေးအိဖြူ**



## တိုက်ခန်းငှားရန်ရှိသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ် ၄၆၊ လေးလွှာ(ဘီ)အား ပိုင်ရှင်ကိုယ်တိုင် ငှားပေးပါမည်။

အိမ်အကျယ်အဝန်း( ၁၅ပေ× ပေ ၆၀)၊ အခန်း(၂)ခန်းဖွဲ့ပြီး၊ ရေချိုးခန်း၊ မီးဖိုချောင် အပြည့်အစုံ။ (ဈေးနှုန်း နှစ်သိန်း၊ ငှားမည့်သူသာ ကိုယ်တိုင်ဆက်သွယ်ပါ။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၇၇၇၅၁၃၆၆၆



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9055 Toyota Mark GX 110 SL(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွယ်ဆိုင်း ၁၃/ကလန(နိုင်)၀၀၈၄၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊မူဆယ်မြို့**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4595 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/7590 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

ခ ရီး သွား ဆောင်း ပါး

# စစ်ကိုင်းဆီသို့

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**



ရောဝတီမြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေက အေးမြနေသည်။ ရောဝတီမြစ်အပေါ် ဖြတ်သန်းဖောက်လုပ်ထားသည့် ရောဝတီတံတား(ရတနာပုံ)ပေါ် ကားဖြင့်မောင်းနှင်ဖြတ်သန်းချိန်၌ နံနက်ခင်း မြူတွေဝေနေသည်။ ဆောင်းအကုန် နွေအကူး ရာသီပြောင်းဖြစ်ရာ နံနက်စောစော အအေးဓာတ်က မသိမသာ လွှမ်းခြုံနေသည်။ တံတားပေါ်ဖြတ်သန်းရင်း ဘယ်ဘက်ကိုကြည့်လိုက်ရာ သက်တမ်းရင့် အင်းဝတံတားကို လှမ်းမြင်ရသည်။ တံတားကိုကျော်လိုက်သည်နှင့် စစ်ကိုင်းမြို့သို့ ရောက်ရှိလာသည်။ 'ဇေယျာရွှေမြေစစ်ကိုင်းတိုင်းမှ ကြိုဆိုပါ၏' ဟူသော ခုံးသား ထည်ဝါလှသည့် ကြိုဆိုရေးမုခ်ဦးကို မြင်တွေ့လိုက်ရသည်။ သမိုင်းရာဇဝင်များတွင် နာမည်ကျော်သည့် စစ်ကိုင်းမြို့သို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။

တကယ်တော့ စစ်ကိုင်းမြို့သို့ ကျွန်တော် အကြိမ်ကြိမ်ရောက်ရှိခဲ့ဖူးသည်။ တစ်ခါ တစ်ရံ တာဝန်ဖြင့် ဖြတ်သွားဖြတ်လာ၊ တစ်ခါတစ်ရံ ဘုရားဖူးဖြစ်ရာ ကျွန်တော်နှင့် မစိမ်း။ စစ်ကိုင်းမြို့က ရာဇဝင်ထဲမှ ထင်ရှားသည့်မြို့ဖြစ်သလို ဘုရားပုထိုးစေတီများလည်း များပြားသည်။ မြန်မာနိုင်ငံတွင် ပုဂံပြီးလျှင် စစ်ကိုင်းမြို့သည် ဘုရားပုထိုးစေတီ အများဆုံးမြို့ဖြစ်ရာ ခရီးသွားဧည့်သည်နှင့် ဘုရားဖူးဧည့်သည်များ မပြတ်လာရောက် လေ့ရှိသည့်မြို့လည်းဖြစ်ကြောင်း သိရသည်။

ခရီးလမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သော စစ်ကိုင်းမြို့သည် မန္တလေးမြို့နှင့် ၁၂ မိုင်ခန့်သာဝေးရာ မန္တလေးနှင့် စစ်ကိုင်းသည် နီးကပ်ဆက်စပ်လျက်ရှိသဖြင့် စည်ကားသည်။ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် စစ်ကိုင်းမြို့အတွင်း ဝင်ရောက်လာခဲ့ကြသည်။ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ အများဆုံး မောင်းနှင်သွားလာသည်ဖြစ်ရာ ကားလမ်းပေါ်တွင် ကားများ၊ ဆိုင်ကယ်များ ပြတ်တောက်သွားသည်ဟူ၍ မရှိချေ။

စစ်ကိုင်းမြို့တွင်းလမ်းအတိုင်း ကားကိုမောင်းဝင်လာခဲ့ရာ သီရိမင်္ဂလာတံတား အဆင်း အိုးဘိုအဝိုင်း၌ စိုက်ထူထားသော စစ်ကိုင်းမြို့ကို စတင်တည်ထောင်ခဲ့သည့် အသင်္ခယာစောယွမ်းပုံ ကြေးရုပ်တုကို လှမ်းမြင်ရသည်။ အမြင့် ၁၃ ပေရှိသည့် အသင်္ခယာစောယွမ်းရုပ်တုသည် ကြေးဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ဓားလွတ်ဆွဲထုတ်နေဟန် ပြုလုပ်ထားခြင်းဖြစ်ရာ အသက်ဝင်ကာ မာန်အပြည့်ရှိနေသည်။

အသင်္ခယာစောယွမ်းသည် တစ်စီးရှင်သီဟသူ၏ သားဖြစ်ပြီး စစ်ကိုင်းမြို့ကို သက္ကရာဇ် ၆၈၄ ခုနှစ် (ခရစ်နှစ် ၁၃၂၂ ခုနှစ်)တွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။ 'သာယာဝိုင်း၊ စစ်ကိုင်းတည်' ဟူသော ရှေးစကားအရ သက္ကရာဇ် ၆၈၄ ခုနှစ်တွင် တည်ထောင်ခဲ့သော စစ်ကိုင်းမြို့သည် မြန်မာ့ရာဇဝင်တွင် ဇေယျာပူရအမည်ဖြင့် ထင်ရှားခဲ့ပြီး မင်းနေပြည်တော်လည်း ဖြစ်ခဲ့သည်။ စစ်ကိုင်းမင်းဆက် ခုနစ်ဆက် ရှိခဲ့ပြီး နန်းစံသက်တမ်း နှစ် ၅၀ ခန့်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် လေ့လာခဲ့ဖူးသည်ကို ပြန်သတိရမိသည်။

တကယ်တော့ စစ်ကိုင်းသည် ရှမ်းဘာသာစကားဖြင့် ရေစီးသန်သောမြစ်ဟု အဓိပ္ပာယ်ရပြီး ကုန်းဘောင်ခေတ်တွင် နောင်တော်ကြီးမင်း လက်ထက်၌ မင်းနေပြည်တော် ပြန်ဖြစ်ခဲ့သည်။ ကျွန်တော်တို့ စစ်ကိုင်းမြို့တွင် လိုက်လံလေ့လာခဲ့ရာ လမ်းမကြီးဘေး ဝဲယာတွင် အိုးအိမ်ကောင်းများစွာကို တွေ့ရသည်။ ရှေးဟောင်းအိမ်ကြီးအချို့ကိုလည်း တွေ့မြင်ရသလို ဆောက်လုပ်စ တိုက်တာနေအိမ်များလည်း တွေ့မြင်ရသည်။

ကျွန်တော်တို့ စစ်ကိုင်းမြို့ မြဝတီရပ်တွင်တည်ရှိသော အစေခံ ခံတပ်နေရာသို့ ရောက်ရှိခဲ့သည်။ အစေခံ ခံတပ်ကို မင်းတုန်းမင်းလက်ထက် ၁၈၇၅ ခုနှစ်တွင် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားဖူးသည်။ အစေခံ ခံတပ်သည် အရှေ့အနောက် ပေ ၃၅၀၊ တောင်မြောက် ပေ ၂၅၀ ရှိကြောင်း တွေ့ရသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း ခုခံမှုမပြုလုပ်ကြရန် ကြေးနန်းကြောင့် အစေခံခံတပ်မှ တိုက်ခိုက်ခြင်းမပြုလုပ်ခဲ့ကြရကြောင်း သိရသည်။

အစေခံ ခံတပ်ကို ကြည့်ရှုလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ အစေခံ ခံတပ် တံခါးများကို သော့ခတ်ထားသဖြင့် အတွင်းဘက်သို့ မဝင်ရောက်နိုင်ဘဲ အပြင်ဘက်မှသာ ကျွန်တော်တို့ ကြည့်ရှုလေ့လာခဲ့ရခြင်းဖြစ်သည်။ အစေခံခံတပ်၊ အင်းဝ ဆင်ကျုံးခံတပ်နှင့် ရွှေကြက်ယက် သပြေတန်းခံတပ်တို့သည် သုံးပွင့်ဆိုင် တည်ရှိနေကြခြင်းဖြစ်သည်။

**စစ်ကိုင်းမြို့ မြဝတီရပ်တွင် တည်ရှိသော အစေခံ ခံတပ်နေရာသို့ ရောက်ရှိခဲ့သည်။ အစေခံ ခံတပ်ကို မင်းတုန်းမင်းလက်ထက် ၁၈၇၅ ခုနှစ်တွင် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု မှတ်သားဖူးသည်။ အစေခံ ခံတပ်သည် အရှေ့အနောက် ပေ ၃၅၀၊ တောင်မြောက် ပေ ၂၅၀ ရှိကြောင်း တွေ့ရသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း ခုခံမှုမပြုလုပ်ကြရန် ကြေးနန်းကြောင့် အစေခံ ခံတပ်မှ တိုက်ခိုက်ခြင်းမပြုလုပ်ခဲ့ကြရကြောင်း သိရသည်။ အစေခံခံတပ်၊ အင်းဝ ဆင်ကျုံးခံတပ်နှင့် ရွှေကြက်ယက် သပြေတန်းခံတပ်တို့သည် သုံးပွင့်ဆိုင် တည်ရှိနေကြခြင်းဖြစ်သည်။**



စစ်ကိုင်းမြို့ရောက်သူတိုင်းသည် စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဆွမ်းဦးပုညရှင်ဘုရားနှင့် အခြားစေတီပုထိုးများကို သွားရောက်လေ့လာ ဖူးမြော်ကြလေ့ရှိသည်။ ဘုရားဖူးများကလည်း စစ်ကိုင်းမြို့တွင်းထက် စစ်ကိုင်းတောင်ပေါ်ရှိ ဘုရားပုထိုးစေတီများကို သွားရောက်ဖူးမြော်ကြသည်ဖြစ်ရာ စစ်ကိုင်းမြို့တွင်းကို နှံ့နှံ့စပ်စပ် လှည့်လည်လေ့လာကြသူ နည်းပါးလေသည်။

ကျွန်တော်တို့ ငါးထပ်ကြီးဘုရားသို့ သွားရောက်ခဲ့သည်။ တိတ်ဆိတ်အေးချမ်းပြီး ကြည်ညိုဖွယ်ကောင်းသော ဘုရားတစ်ဆူပင်ဖြစ်သည်။ ငါးထပ်ကြီးဘုရား ရုပ်ပွားတော်သည် အရွယ်အစားကြီးမားပြီး သာလွန်မင်း၏သားတော် ပင်းတလဲမင်းက မြန်မာသက္ကရာဇ် ၁၀၁၀ ပြည့်နှစ်မှာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အေးချမ်းတိတ်ဆိတ်ကာ ကြည်ညိုဖွယ်ဆောင်တော်မူသော ဘုရားတစ်ဆူလည်းဖြစ်သည်။ ငါးထပ်ကြီးဘုရားကို ဦးချဖူးမြော်ပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။

ကျွန်တော်တို့စစ်ကိုင်းမြို့တွင်း လိုက်လံလေ့လာရင်း စစ်ကိုင်းဇာတိ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ ဆရာကြီးဦးကိုလေး(ဇေယျာမောင်)၊ စာရေးဆရာမဟာဆွေ၊ ရုပ်ရှင်မင်းသားကြီး ဇေယျတို့ကို သတိရလွမ်းဆွတ်မိသည်။ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသူများဖြစ်ပြီး တစ်ဖက်တစ်လမ်းမှ တိုင်းကျိုးပြည်ပြု ဆောင်ရွက်သွားကြသည်မှာ အမှတ်ရဖွယ်ပင်။ ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ၊ လူရွှင်တော် ဦးဓာတ်ခိုး၊ မြို့တော်သိန်းအောင်နှင့် ပထမဆုံး အကယ်ဒမီဆုရရှိသည့် ရုပ်ရှင်မင်းသားကျော်ဝင်းတို့မှာလည်း စစ်ကိုင်း ရွာသစ်ကြီး ဇာတိဖြစ်ရာ စစ်ကိုင်းမြေက အမှတ်တရရှိစရာ များလေသည်။

ကျွန်တော်တို့ မော်တော်ယာဉ်ကို ဖြည်းဖြည်းမောင်းရင်း စစ်ကိုင်းမြို့ကို လိုက်လံလေ့လာကြည့်ခဲ့ရာမှ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ ညာဘက်လမ်းအတိုင်း မောင်းခဲ့သည်။ လမ်းဘေးဝဲယာတွင် သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေရာ စိမ်းစိမ်းစိုစိုမြင်ကွင်းကို တွေ့မြင်ရသည်။ စစ်ကိုင်းမြို့ပြင်အစပ် ရောက်၍လားမသိ။ တရုတ်ဆီးသီးပင်များကို တွေ့ရသဖြင့် စစ်ကိုင်းမြို့သည် တရုတ်ဆီးသီးများလည်းထွက်ရှိကြောင်း သတိပြုမိသည်။ ရန်ကုန်အပါအဝင် မြို့ကြီးများ၏ ဈေးများ၊ လူစည်ကားရာ လမ်းဆုံများ၊ လမ်းများတွင် အပုံလိုက်ချရောင်းနေသော တရုတ်ဆီးသီးများကို ယခင်က နယ်စပ်မှ တင်သွင်းခြင်းဖြစ်မည်ဟု တွေးထင်ခဲ့သော်လည်း စစ်ကိုင်းမြို့မှလည်း ထွက်ရှိကြောင်း သိရှိခဲ့ရသည်။

စစ်ကိုင်းမြို့သည် အရောင်းအဝယ်၊ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြရာ မန္တလေးမြို့နှင့် နီးကပ်နေသော်လည်း စည်ကားဖွံ့ဖြိုးသော မြို့တစ်မြို့ဖြစ်နေသည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းမှ ဘုရားဖူးဧည့်သည်များ၊ ကားများ ဝင်ထွက်သွားလာမှုများသော မြို့လည်းဖြစ်သည်။ စစ်ကိုင်းမြို့ ကားလမ်းများပေါ်ဝယ် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ မောင်းနှင်သွားလာ၊ ရပ်နားနေကြသည့် မြင်ကွင်းကို နေ့စဉ်နှင့်အမျှ တွေ့မြင်ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ မော်လိုက်၊ တမူးနှင့် ခန္တီးခရိုင်များပါဝင်ပြီး စစ်ကိုင်းခရိုင်တွင် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များ ပါဝင်လေသည်။ ကျွန်တော်တို့ စစ်ကိုင်းမြို့ ဈေးကြီးသို့ ရောက်ရှိခဲ့ကြသည်။ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားပြီး ဒေသထွက်ကုန် ဆီးသီး၊ ပုန်းရည်ကြီး၊ ထန်းလျက်များ အပါအဝင် ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ ဆိုင်ကယ်နှင့် စက်ဘီးများကလည်း ဈေးအနီးတွင် ဥဒဟို မောင်းနှင်သွားလာနေသဖြင့် စည်ကားကြောင်း သတိပြုမိသည်။

ကျွန်တော်တို့ ဈေးအတွင်း လိုက်လံကြည့်ရှုလေ့လာပြီးနောက် မိတ်ဆွေများအား လက်ဆောင်ပေးရန် ပုန်းရည်ကြီး၊ ဆီးယိုနှင့် သနပ်ခါးတုံးများ ဝယ်ယူပြီး ဈေးမှ ပြန်ထွက်လာခဲ့သည်။ မွန်းတည့်တော့မည်ဖြစ်ရာ စစ်ကိုင်းမြို့မှ ပြန်လာခဲ့သည်။ စစ်ကိုင်းမြို့မှထွက်လိုက်သည်နှင့် မကြာမီ ရောဝတီတံတား(ရတနာပုံ)ပေါ် ရောက်ရှိလာသည်။

တံတားပေါ်မှ စစ်ကိုင်းတောင်ရိုး စိမ်းညို့ညို့ကို လှမ်းမျှော်ကြည့်ပြီး တောင်ရိုးတစ်လျှောက် တည်ထားသော စေတီ၊ ပုထိုးများကို စိတ်အာရုံညွတ်ကာ ဖူးမြော်ကြည်ညိုမိသည်။ မိမိတို့ဘိုးဘွားများ တည်ထားခဲ့သောစေတီ၊ ပုထိုးများက နေရောင်ထိတွေ့မှုကြောင့် ရွှေရောင်တောက်ပလျက်။ သာသနာအလင်းရောင် အမြဲထာဝရ တောက်ပဖြာဝေနေဦးမည်ဟု တွေးနေမိသည်က အမှန်ပင်။





# ဗန်းစကားပြဿနာ (၅)



## မောင်ခင်မင်(ဓနုဖြူ)

“ဗန်းစကားတွေဟာ ဘယ်အကြောင်းတွေကို အခြေခံပြီး ပေါ်လာတာပါလဲ ဆရာကြီး”

“ဒီမေးခွန်းကိုဖြေဖို့ သိပ်မလွယ်ဘူးကွဲ့။ တီထွင်သူတွေရဲ့ စိတ်ကူးစိတ်သန်းတွေက အကြောင်းအမျိုးမျိုးကို အခြေခံနိုင်တာပေါ့။ ဆရာတို့ကြားဖူးတာ ပိုက်ဆံကို ကိုလိုနီခေတ်အစောပိုင်း က‘ဒေါင်း’လို့ခေါ်တယ်...တဲ့။ ခုခေတ်တွင်ခုကာလ၊ ဒေါင်းရှိမှ လူလိမ္မာ၊ ဒေါင်းမပါလူပျိုပေါက်၊ အကဲမရောက်ပါ’ ဆိုတဲ့ကဗျာကလေးရှိတယ်။ ဖြစ်နိုင်တာက ဒေါင်းရုပ်ပါတဲ့ဒင်္ဂါးတွေ မန္တလေးခေတ်ကတည်းက သွန်းနေကြတော့ အဲဒါကိုအစွဲပြုပြီးပိုက်ဆံကို‘ဒေါင်း’လို့ ဗန်းစကားနဲ့ခေါ်တာဖြစ်မယ်ထင်တယ်လေ”

“နောက်ခေတ်တွေကျတော့ ဗန်းစကားတွေပြောင်းသုံးတာပေါ့နော်။ ဘဘပြောသလို‘ဝက်ထောတယ်’တို့၊‘ရေလျှံတယ်’တို့မှာ‘ဝက်’တို့၊ ‘ရေ’တို့ ဖြစ်သွားတာပေါ့”

“အေးပေါ့။ ပိုက်ဆံဆိုတာက အမြဲသုံးနေရတဲ့ပစ္စည်းဆိုတော့ ပိုက်ဆံကိုခေါ်တဲ့ဗန်းစကားတွေအမျိုးမျိုးရှိနိုင်တာပေါ့။ အဓိပ္ပာယ်ကို အကြောင်းပြုပြီး ပေါ်လာတဲ့ ဗန်းစကားတွေလည်းရှိတာပေါ့။ ဆရာသတိထားမိသလောက်‘ဘိုးဘိုးအောင်’ လို့သုံးတဲ့ ဗန်းစကားရှိတယ်။ ကဲ...မေးရဦးမယ်။ ဘိုးဘိုးအောင်ကဘယ်လိုအစွမ်းသတ္တိရှိတယ်လို့ ကြားဖူးကြသလဲ”

“ဝတစ်လုံးကို နှစ်လုံးဖြစ်အောင်လုပ်နိုင်တယ်လို့ ကြားဖူးပါတယ် ဘဘ”

“အေး...နှစ်ဆတိုးအောင်လုပ်နိုင်တာပေါ့။ ဘဘတို့လူငယ်ဘဝတုန်းက ဘိုးဘိုးအောင်ဆိုတာ ဘာကိုခေါ်တဲ့ ဗန်းစကားထင်သလဲ”

“မသိပါဘူး ဆရာကြီး”

“ရဲတွေကို ‘ဘိုးဘိုးအောင်’လို့ခေါ်တယ်။ ‘မစတဲ့သူ’တွေဆိုပြီး ခပ်နောက်နောက် သုံးတာပေါ့။ နောက်တစ်ခုက တက္ကစီကားတွေမှာ မီတာတပ်တုန်းကမီတာကနှစ်ဆနှစ်ဆ ခုန်ခုန် တက်တာမို့ ‘ဘိုးဘိုးအောင်ကား။”

“ဩော်”

“ခုခေတ်တော့ ဒီဗန်းစကားတွေပျောက်ကုန်ပါပြီ”

“ဘဘ‘အာလူးဖုတ်တယ်’၊ဆိုတာ‘အာချောင်တယ်၊ အာကောင်းတယ်’ဆိုတဲ့စကားနဲ့အသံချင်းဆက်ပြီး‘အာလူး’ လို့သုံးတာလို့လူကြီးတွေ ပြောတာကြားဖူးပါတယ်”

“အေး...ဒါလည်းဖြစ်နိုင်တာပေါ့။ လက်ပတ်နာရီကို‘ရဟတ်’၊ လက်ပစ်ဗုံးကို‘နာနတ်သီး’လို့ ခေါ်တာကျတော့ ပုံသဏ္ဌာန်ချင်းတူလို့ပေါ့ကွယ်”

“အခြေအနေတူလို့ ခေါ်တာလည်းရှိတယ်နော်။”

“ဘယ်စကားလဲ သမီးရဲ့”

“ဩော်“ကားတို့ဘာတို့ရတဲ့ ဈေးနဲ့ရောင်းချင်နေတာကို ‘ဗိုက်နာနေပြီ’ လို့သုံးတာမျိုးပါ ဘဘ”

“အေး ---အေး ၊ ဟုတ်တာပေါ့။ ထွက်ချင်နေပြီလို့ပြောတာထင်ပါရဲ့”

“ဗန်းစကားတွေကို စနစ်တကျ စုဆောင်းထားဖို့ကောင်းတာပေါ့နော်”

“ကောင်းတာပေါ့ကွယ်”။ ဘာသာစကား ပညာရှင်တွေကတော့ ဗန်းစကားတွေကို သုတေသနပြုပြီး စာတမ်းတွေ၊ ကျမ်းတွေ ရေးကြတာပေါ့။ ကိုယ့်ဘာသာ စကားနယ်ပယ်ထဲမှာ ပေါ်ပေါက်ခဲ့တဲ့စကားတွေဆိုတော့ မှတ်မှတ်သားသားရှိသင့်တာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“ဩော်...”သတိရလို့ပြောရဦးမယ်။ ၁၉၇၀ ဝန်းကျင်လောက်က ဗန်းစကားတွေ စုစည်းထားတဲ့စာအုပ်တစ်အုပ် ထွက်ဖူးတယ်။ စာအုပ်နာမည်က ‘လမ်းပေါ်မှ ဝေါဟာရများ’ တဲ့၊ ပြုစုတဲ့သူက ဂီတလောကမှာ ထင်ရှားတဲ့မင်းမင်းလတ်ပဲ”

“ဩော်၊ အဲဒီစာအုပ်ကို ကျွန်တော်တို့ မတွေ့ဖူးပါဘူး ဆရာကြီး”

“မင်းမင်းလတ်က စာအုပ်အမှာစာမှာရေးထားတယ်။ ချက်ကိုစလိုဗက်ကီးယားကလာတဲ့ မြန်မာစာပညာရှင် ဒေါက်တာယန်းဗယ်ရှကား ဆိုတဲ့ ပုဂ္ဂိုလ်က လမ်းပေါ်ကစကားလုံးတွေ စုစည်းထုတ်ဝေထားတဲ့ မြန်မာစာအုပ်ရှာခိုင်းလို့ပါတယ်”

“ဟုတ်ကဲ့”

“ ‘ညု’တာ၊ ညုတုတုလုပ်တာကို ‘ညုကလီးယား’တဲ့။

“တောသားကို ‘တိုက်ဂေါ်’တဲ့ ‘တောဂိုက်’လို့ပြောတာ”

“ဩော်”

“ဆေးခြောက်ကို ‘နွား’ တဲ့။ အလစ်သုတ်တာတို့၊ ရန်ဖြစ်တာတို့ကို‘ဖြောင်တယ်’လို့သုံးတယ်၊ လိမ်ညာပြီး ရောင်းတာကို ‘အချဉ်ဖမ်းတယ်’တဲ့။ ကဲ ... သားတို့ သမီးတို့ ဒီလောက်ဆိုရင် တော်တော်သိသွားပြီ။ နောက်မှ အေးအေး ဆေးဆေးဖတ်ကြည့်ပေါ့”

“ဟုတ်ကဲ့ပါ ဆရာကြီး”

“ကဲ -အရေးကြီးတာ မေးရဦးမယ်။ အခုဆရာတို့ပြောခဲ့ကြတဲ့ဗန်းစကားတွေ အများကြီးပဲနော်။ အဲဒီစကားတွေထဲမှာ သားတို့သမီးတို့ အခုသုံးနေတာ ဘယ်နှလုံးလောက်ရှိမယ် ထင်သလဲ”

“ဆရာကြီး။ အဲဒီဗန်းစကားတွေ ကျွန်တော်တော့ တစ်လုံးမှ မသုံးပါဘူး။ တချို့သိတောင် မသိပါဘူး။ အခုမှ ကြားဖူးတာပါ”

**၁၇ ရာစုမှာ အင်္ဂလန်မှာ အကယ်ဒမီတည်ထောင်ဖို့ အဆိုပြုတော့ ဘာသာစကားနဲ့ စာရေးဟန်ကို စိစစ်ဖို့၊ အကဲဖြတ်ပညာရှင်တွေခန့်ပြီး အဲဒီပညာရှင်တွေရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်စာရေးဆရာမှ စကားလုံးသစ်တွေ မဖန်တီးရဘူးလို့ သတ်မှတ်သတဲ့။ စကားလုံးသစ်ထွင်တာဟာ ပိုက်ဆံလုပ်တာလိုပဲ ရာဇဝတ်မှုမြောက်တယ်တဲ့**

အဲဒီစာအုပ်မျိုးမရှိတဲ့ အကြောင်းပြောတော့ အဲဒီစာအုပ်ရှိသင့်ကြောင်း ပြောတာနဲ့ မင်းမင်းလတ်က လူငယ်တွေထဲကို ကွင်းဆင်းပြီး လေ့လာရာက ဒီစာအုပ်ပြုစုဖြစ်တဲ့အကြောင်း ရေးထားတာပါ။ တော်တော်ကြိုးကြိုးစားစားပြုစုထားတာပါ”

“စိတ်ဝင်စားစရာကောင်းတယ်နော်ဘဘ။ အဲဒီစာအုပ်ထဲမှာ ဘယ်လိုစကားလုံးတွေပါသလဲဟင်”

“ပါတဲ့စကားလုံးတွေကတော့အများကြီးပဲ။ နေဦးနေဦး။ သမီးတို့စိတ်ဝင်စားရင် မှတ်ရအောင် ဆရာစာအုပ်ရှာလိုက်ဦးမယ်။ အဲ-ဒီမှာ။ နောက်တော့မိတ္တူကူးချင်လည်းကူးထားပေါ့။ စကားလုံးတချို့ကြည့်ရအောင်။ အကျဉ်းထောင်ကို‘ကျောင်းတော်ကြီး’တဲ့။ ဆံပင်ကို‘ကေ’တဲ့။ ‘ကေသာ’ဆိုတဲ့ပါဠိစကားကိုယူတာပေါ့။”

“ဆံပင်ညှပ်တာကို‘ကေခုတ်တယ်’လို့သုံးတာကြားဖူးပါတယ်”

“ကုတ်အင်္ကျီကို‘ကိုသိန်းကြည်’တဲ့ အသံချင်းနီးစပ်လို့ခေါ်တာနေမှာပေါ့။ သိပ်ကြိုက်တာကို ‘ခိုက်တယ်’တဲ့။ ပိုက်ဆံကို‘ဂိုင်’တဲ့။ ကောင်မလေးကို‘ဆူး’တဲ့။‘ဇိုး’ဆိုတာကတော့ ရဲကိုလည်း ခေါ်တယ်။ အရက်ကိုလည်းခေါ်တယ်။ အရက်သမားကို ‘ဇိုးငနဲ’လို့ခေါ်တယ်။ အရက်ကို‘ဈာန်’လို့လည်းခေါ်တယ်။ ဩော် ... မိန်းကလေးကိုခေါ်တဲ့စကားတွေထဲမှာ ‘ဇယ်’ဆိုတာလည်း

“သမီးတို့လည်း ဒီလိုပါပဲ ဘဘ”

“ဘဘပြောချင်တာ အဲဒါပဲလေ။ ဗန်းစကားတွေ အများကြီးပေါ်ခဲ့ပေမယ့် ကြာကြာခံတဲ့ ဗန်းစကား တော်တော် ရှားတယ်ဆိုတာ ဒီသာဓကနဲ့ထင်ရှားနေပါပြီ။ စိတ်ကူးပေါ်တဲ့အခါ ဗန်းစကားတွေ တီထွင်ကြတာ သဘောကျလို့လိုက်သုံးတော့ အသုံးတွင်လာတာပေါ့။ ဒါပေမယ့် နောက်ထပ်အသစ်အသစ်တွေပေါ်လာရင် အဟောင်းတွေပျောက်သွားတာပဲလေ’ ပျောက်မသွားဘဲ အတည်သုံးပြီးနေ့စဉ် သုံးစကားဖြစ်သွားတဲ့ ဗန်းစကားမျိုးက တော်တော်ရှားပါတယ်ကွယ်”

“ဟုတ်ကဲ့ပါ”

“ဒါပေမယ့် ဗန်းစကားတွေပေါ်လာလို့ ဘာသာစကား ပျက်စီးသွားမှာ လူတော်တွေများများက စိုးရိမ်တတ်ကြတယ်။ အဲဒီ မင်းမင်းလတ်ရဲ့ စာအုပ်တောင်ထွက်ပြီးမကြာခင် အပိတ်ခံရတယ်လေ။ အာဏာပိုင်တွေက လိုက်သိမ်းတော့ ပျောက်သွားတာပေါ့။ ဘဘတောင် အဟောင်းဆိုင်က ပြန်ရှာထားရတာ”

“ဩော် ဟုတ်လား ဘဘ”

“ဘာသာစကားကို ထိခိုက်ပျက်စီးမှာ စိုးရိမ်တဲ့အတွက် ဆောင်ရွက်ခဲ့ကြပုံတွေအကြောင်း သမိုင်းနဲ့ချီပြီး ပြောစရာတွေရှိတယ်”

“ပြောပြပါ ဆရာကြီး။ ကျွန်တော်တို့ မှတ်သားချင်ပါတယ်”

“အင်း ... ဘာသာစကားကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်တော်တော်များများမှာ academy အကယ်ဒမီခေါ်တဲ့ပညာ ရှင်အဖွဲ့ကြီးတွေဖွဲ့ပြီး ‘ဘာသာစကား သန့်ရှင်းရေး’ ကိုဆောင်ရွက်ခဲ့ကြတယ်။ ၁၅၈၂ခုနှစ်မှာ အီတလီနိုင်ငံမှာ Academia Della Cruca ‘အကယ်ဒမီ ယဒယ်လာခရုကာ’ခေါ်တဲ့ အကယ်ဒမီတည်ထောင်ပြီး အီတာလျံဘာသာစကား သန့်ရှင်းစင်ကြယ်ရေးကို ဆောင်ရွက်ကြတယ်။ ဥပဒေစည်းကမ်းတွေ တိတိကျကျချမှတ်ကြတယ် အဲဒီလိုပဲ ‘ပြင်သစ်၊ စပိန်၊ ဆွီဒင်’ ပြီးတော့ ဆီးရီးယား။ အီရတ်နဲ့အီဂျစ်နိုင်ငံတွေမှာလည်း အကယ်ဒမီတွေတည် ထောင်ကြတယ်။”

“အများကြီးပဲနော်”

“၁၇ ရာစုမှာ အင်္ဂလန်မှာ အကယ်ဒမီတည်ထောင်ဖို့ အဆိုပြုတော့ ဘာသာစကားနဲ့ စာရေးဟန်ကို စိစစ်ဖို့၊ အကဲဖြတ်ပညာရှင်တွေခန့်ပြီး အဲဒီပညာရှင်တွေရဲ့ခွင့်ပြု ချက်မရဘဲ ဘယ်စာရေးဆရာမှ စကားလုံးသစ်တွေ မဖန်တီးရဘူးလို့ သတ်မှတ်သတဲ့။ စကားလုံးသစ်ထွင်တာဟာ ပိုက်ဆံလုပ်တာလိုပဲ ရာဇဝတ်မှုမြောက်တယ်တဲ့”

“အမလေး၊ ကြောက်စရာကြီးနော်”

“ဒါပေမယ့် ဘာသာစကားဆိုတာ ‘ခြောက်ပြစ်ကင်းသဲလဲစင်’ မဟုတ်ဘူး။ အမြဲပြောင်းလဲနေတယ်ဆိုတာကို တချို့ပညာရှင်တွေက သဘောပေါက်ပါတယ်။ ခုနပြောတဲ့ ပြင်သစ်တို့၊ အီတလီတို့က အကယ်ဒမီတွေက ဘာသာစကား ပြောင်းလဲတာကို မပြောင်းလဲအောင် ၊တားဆီးဖို့ကြိုးစားကြပေမယ့် မအောင်မြင်ကြဘူး...တဲ့”

“ဩော်”

“ဘယ်နိုင်ငံကဘယ်ဘာသာစကားဖြစ်ဖြစ်၊ အမြဲပြောင်းလဲနေတာပဲလေ။ အတည်အတံ့စကားတွေပေါ်သလို ဗန်းစကားတွေလည်း ပေါ်မှာပဲ။ ဆဲတဲ့ဆိုတဲ့စကားလို့ စကားရိုင်းတွေလည်း ပေါ်မှာပဲ။ ဘယ်စကားတွေသုံးရမယ်၊ ဘယ်စကားတွေမသုံးရဘူးလို့ ဥပဒေထုတ်ပြီး တားမြစ်လို့မရဘူးလေ”

“ဘာဖြစ်လို့မရတာလဲ ဆရာကြီး”

“ဩော်...ဘာသာစကားဆိုတာ လူတစ်ယောက်တည်း၊ လူတစ်စုတည်းက ပိုင်တာမဟုတ်ဘူးလေ။ ပြည်သူအများပိုင်တာမို့ အများလက်ခံသုံးတဲ့စကားတွေဟာ အသက်ဝင်နေမှာပဲ၊ အများလက်မခံတော့ရင် ပျောက်သွားတာပဲ၊ ဒါသဘာဝပဲလေ။”

“ဟုတ်ကဲ့ပါ”

“ဒီတော့ အခုဖေ့စ်ဘုတ်ပေါ်က ဗန်းစကားတွေကို စကားတွေလည်း ဒီသဘောအတိုင်းပဲသုံးနေတဲ့ အခိုက်အတန့်မှာ တည်ရှိနေပြီး နောက်အသစ်တွေပေါ်လာရင် အဟောင်းတွေဖြစ်သွားပြီးပျောက်သွားမှာပါပဲကွယ်”

“ဟုတ်ကဲ့ပါ”

“ဒါကြောင့် ဆရာကတော့ အဲဒီဗန်းစကားတွေဟာ ဘာသာစကားကြီး ထိခိုက်ပျက်စီးသွားတဲ့အထိတော့ အန္တရာယ်မပေးနိုင်ဘူးလို့ဆိုချင်တယ်။ ဗန်းစကား အန္တရာယ်ထက်ပိုပြီး ဂရုစိုက်ရမှာက စာလုံးပေါင်းသတ်ပုံစည်းကမ်းတို့၊ သဒ္ဒါစည်းကမ်းက အဲဒီဘာသာစကားရဲ့ အခြေခံစည်းကမ်းတွေ တိမ်းချော်မှားယွင်းတဲ့အန္တရာယ်ပဲကွဲ့။ အခုတောင် အဲဒီအန္တရာယ်တွေက တော်တော်ခြိမ်းခြောက်နေပြီ။ သတ်ပုံစည်းကမ်းတွေ၊ သဒ္ဒါစည်းကမ်းတွေပျက်လာရင် ပိုပြီးအန္တရာယ်ကြီးပါတယ်။ သားတို့သမီးတို့ ဂရုစိုက်ပြီး ထိန်းသိမ်းကြဖို့ပါပဲကွယ်”

SUPPORTED BY
Australia Awards
Australia
EDUCATION EXHIBITION 2017
Organized by
AVSS Australian Visa & Student Services
Yangon
1st April, 2017 (Sat)
9 a.m - 4 p.m
Pyay Room, 4th Floor
Novotel Hotel Yangon Max
Mandalay
2nd April, 2017 (Sun)
1 p.m - 5 p.m
Pinya Room, 4th Floor,
Hotel Marvel, Mandalay
FREE ENTRY
ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားဖို့ ပြင်ဆင်နေပါသလား၊
AVSS ၏ ဩစတြေးလျ ပညာရေးပြပွဲများကို လက်လွတ်မခံပါနှင့်။
ဩစတြေးလျနိုင်ငံရှိ ဂုဏ်သတင်းကြီးသော အထက်တန်းကျောင်း၊တက္ကသိုလ် များမှ ကိုယ်စားလှယ်များနှင့် မိမိသိရှိလိုသည်များကို ကိုယ်တိုင် လာရောက်ဆွေးနွေးနိုင်ပြီး တက္ကသိုလ်များမှပေးသည့် ပညာသင်ဆုများကိုလည်း မေးမြန်းလျှောက်ထားနိုင်ပါသည်။၄င်းပြင် ဩစတြေးလျအစိုးရမှပေးအပ်ချီးမြှင့်သည့် Australia Awards ပညာသင်ဆုများအကြောင်းကိုလည်း ဩစတြေးလျသံရုံး မှ တာဝန်ရှိသူများနှင့်လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။
For more information
AVSS Yangon:
127A, 1st Floor,
West Shwe Gon Daing Road,
Bahan Township,Yangon.
Tel: 09 450 00 69 44/55
09 799 450944/955
AVSS Mandalay:
2/Ta 765, 69th Street
( 31st & 32nd St),
Mandalay.
Tel: (09) 4440 29882
www.theavss.net
Australian Visa & Student Services
(AVSS Myanmar)


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


ForEver
by Gems
ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
@ JUNCTION CITY YANGON
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
ချက်ခြင်းပေါက် ချက်ခြင်းယူဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
(၁) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၈ ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၄ ပဲသား ရွှေဆွဲကြိုး (၃၀) ကုံး
(၄) ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊
ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
အများဆုံးဝယ်ယူသူ (၁၀) ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
ရွှေ (၃) ကျပ်သား (၁) ဆု
ရွှေ (၂) ကျပ်သား (၁) ဆု
ရွှေ (၁) ကျပ်သား (၅) ဆု
ရွှေ (၅) မူးသား (၅) ဆု
Road Show
@
Junction City Yangon Atrium
25-3-2017 - 11 -4- 2017
The Most
EXCITING
Opening Sales
Up to
SALE 50% OFF
25-3-2017
(စနေနေ့) စတင်ဖွင့်လှစ်ပါပြီ
ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)
25-3-2017 မှ 28-3-2017 : နံနက် (၉ : ၃၀) တွင်နိုင်ငံကျော်အနုပညာရှင်များနှင့် အစမ်းအနားဖွင့်လှစ်၍
အမှတ်တရဓါတ်ပုံရိုက်ခြင်း၊ လက်မှတ်ရေထိုးခြင်း နှင့် စင်ကာပူနိုင်ငံမှ Manderville Conservatory (Electric String Instruments)
Hit it Productions (DJ Console LED Barrels ) တို့၏ဖျော်ဖြေမှု၊ နိုင်ငံကျော်တေးသံရှင်များဖြင့်ဖျော်ဖြေမည်။










**အမည်မှန်**

လောက်ကိုင်မြို့၊ အထက (၁)၊ နဝမတန်းအောင်မှ မသဲစုကိုကို၏ အမည်မှန်မှာ မသဲစုဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးတင်ဌေး ၉/မရတ(နိုင်)၀၇၉၃၃၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ချောင်းမနားကျေးရွာအုပ်စု၊ ပေါက်တော အလက၊ အဌမတန်းမှ မသဲအိဖြူ၏ဖခင်အမည်မှန်မှာ ဦးထွန်းနောင် ၅/ဒပယ(နိုင်)၀၈၁၃၃၅ ဖြစ်ပါကြောင်း။

**ဦးထွန်းနောင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/2661 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**




**ကွယ်လွန်သူ ဒေါက်တာတင်အောင်အေး(မျက်စိအထူးကုဆရာဝန်ကြီး)(ငြိမ်း)၏ တစ်လပြည့် အထိမ်းအမှတ် အနေဖြင့် ကျန်ရစ်သူ ဇနီး ဒေါ်ကျန်တင်(အငြိမ်းစားသူနာပြုဆရာမကြီး) နှင့် သမီးများဖြစ်သော ဒေါ်မိုးသူဇာအေး၊ဒေါ်ခင်သန္တာသွေး၊ ဒေါက်တာမာလာသင်း၊ဒေါ်ချိုသဲလင်းတို့မှ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ငွေကျပ်(သိန်း ၁၀၀) ငွေကျပ်သိန်းတစ်ရာတိတိလှူဒါန်းခြင်း။**



ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီး Dr.တင်အောင်အေး (Opthomologist) ကွယ်လွန်သည် မှ (၁)လပြည့် အချိန်ကာလတွင် ကျန်ရစ်သူ မိသားစုမှ လွမ်းဆွတ်ကြေကွဲမှုနှင့် ဖခင်ကြီး၏ မေတ္တာတရားနှင့် ကျေးဇူးဂုဏ်တို့အား ဂါဝရပြုသောအားဖြင့် U HLA TUN HOSPICE (CANCER) FOUNDATION ရှိ ကင်ဆာရောဂါဝေဒနာကို နောက်ဆုံးအဆင့် ခံစားလျက်ရှိကြသည် ဆင်းရဲနွမ်းပါးအားကိုးရာမဲ့ ခိုကိုးရာမဲ့သူများ၏ ဘဝနိဂုံးအား လူသားတစ်ဦးအနေဖြင့် သိက္ခာရှိစွာ ဖြတ်သန်းနိုင်ရန် ရည်သန်၍ ငွေကျပ်(၁၀,၀၀၀,၀၀၀/) (ကျပ်သိန်းတစ်ရာတိတိ)ကို စေတနာသုံးတန် ပြတ်စွာလှူဒါန်းအပ်ပါသည်။ ဖောင်ဒေးရှင်း ဥက္ကဋ္ဌပါမောက္ခ Dr.မျိုးညွန့် မှ လက်ခံရယူပါသည်။

**ချစ်သောဖခင်ကြီး၊ ရောက်ရှိရာဘုံဘဝမှဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေသတည်း။**

**ကျန်ရစ်သူ ဇနီးဒေါ်ကျန်တင်နှင့်မိသားစု**

အမှတ်(၁၅၆)၊ အမှတ်(၃)လမ်းမကြီး၊ ပုလဲ(၁)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

---

## မဟာစည်ထာဝရဆွမ်းပဒေသာပင် အပင်(၂၀၀၀၀) ပြည့် အနုမောဒနာ ရေစက်ချလှူဒါန်းပွဲဖိတ်ကြားလွှာ

(၁၀၆)မှ(၁၂၅) ကြိမ်မြောက်အထိ ထာဝရဆွမ်းပဒေသာပင် အပင်(၂၀၀၀၀)ပြည့် အနုမောဒနာ ရေစက်ချလှူဒါန်းပွဲကို ၁၃၇၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက်၊ ၃၁–၃–၂၀၁၇ (သောကြာနေ့)နံနက် (၉)နာရီတွင် မဟာစည်သာသနာ့ရိပ်သာကြီး၏ မဇ္ဈိမဓာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ ကောင်းမှုရှင်သူတော်စင် အပေါင်းတို့အား ရေစက်ချတရား နာကြားနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

---

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၉ရက်) ၄–၅–၂၀၁၇ ရက်မှစ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။ သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်)များကို (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၁ရက်) ၂၆–၄–၂၀၁၇ ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာ ပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာလျှောက်ထားနိုင်ပါပြီ။

**ဖုန်း–** ဆရာကြီး ဒေါ်အညေသီ ဖုန်း–၀၉–၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း–၀၉–၄၂၁၁၁၈၆၉၈

---

## ထောက်ကြန့် ပုပ္ပားကျောင်းတိုက်
### သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ပုပ္ပားကျောင်းတိုက်(မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော သင်္ကြန်တွင်း တရားစခန်းပွဲ ဒုလ္လဘရဟန်းခံပွဲ သီလရှင်ဝတ်ပွဲများကို ၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်မှ တန်ခူးလပြည့်ကျော် ၇ရက် (၁၂–၄–၂၀၁၇ရက်မှ ၁၈–၄–၂၀၁၇)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများ ဒုလ္လဘဝတ်မည့်သူများ တန်ခူးလပြည့်ကျော် ၁ ရက် (၁၂–၄–၂၀၁၇ ရက်) မွန်းတည့် ၁၂:၀၀ နာရီ အရောက်လာရပါမည်။ တရားစခန်းပွဲတွင် ဒုလ္လဘရဟန်းတစ်ပါး ၅၀၀၀ိ၊ အရုဏ်ဆွမ်းတစ်ရက် ၂၀၀၀၀ိ၊ နေ့ဆွမ်း တစ်ရက် ၃၀၀၀၀ိ၊ အချိုပွဲ တစ်ရက် ၂၀၀၀၀ိ ဖြင့် ဖုန်း–၀၉–၄၂၀၇၄၂၄၄၊ ၀၉–၄၂၅၀၂၅၈၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## တပ်မတော်ဘောလုံးနည်းပြ/ဒိုင် ဆရာကြီးများနှင့်ကစားသမားဟောင်းကြီးများ အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

တပ်မတော်(အငြိမ်းစား)ဘောလုံးနည်းပြ/ဒိုင်ဆရာကြီးများ၊ ကစားသမားဟောင်းများတွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁ - ၄ - ၂၀၁၇ (စနေနေ့)
အချိန် - နံနက် (၈:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ
နေရာ - ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်း၊ခရေပင်လမ်းခွဲ မင်္ဂလာဒုံ

အမှုဆောင်အဖွဲ့

---

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋိတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမွှည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံးစည်လမ်းမတော်
(Account No. 061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/6079 Nissan ADVZNY 12, S/W (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ဝင်း ၁၃/လရန(နိုင်)၁၂၉၉၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်လွှာကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၆/လုံလော့ရပ်)၊ မြေဧရိယာ ၀ ဒသမ ၀၈၁၈ဧကအား ဦးရန်ကျင်ဖူးမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဇနီးဖြစ်သူ ဒေါ်ဂူမေကြူ ၁၃/လရန(နိုင်)၀၉၀၁၇၂မှ ခင်ပွန်းသေဆုံးပြီးဖြစ်၍ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၃၇/I ၂၀၁၆ ဖြင့် အမွေဆက်ခံပိုင်ခွင့်စာချုပ်ချုပ်ဆိုပြီး ပိုင်ဆိုင်ခဲ့သောကြောင့် ယင်းမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့်တင်ပြ၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3438 Nissan March AK 12 Hatch Back (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံပိုင် ၁၂/ဒဂမ(နိုင်)၀၂၁၅၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အထူးကျေးဇူးတင်ရှိခြင်း

## ကျေးဇူးရှင် မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး ဒေါ်တင်ရွှေ (ကျောက်ပန်းတောင်းမြို့)

## အသက်(၉၉)နှစ်

၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉နေ ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်ရွှေအတွက် ရည်စူး၍ လျှဖွယ်သင်္ကန်းများ ပေးပို့လှူဒါန်းအပ်ပါသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မေးမြန်းအားပေးကြပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အကြီးအမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များအားလည်းကောင်း၊ ဈာပနကိစ္စအတွက် အစစအရာရာပြီးပြည့်စုံအောင် ကူညီဆောင်ရွက်ပေးပါသော ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ တပည့်ဒါယကာများဖြစ်ကြသော ဦးမျိုးမင်းဦး၊ ဦးသန်းဇော်တို့နှင့် သုဂတိ ရှင်နာရေးကူညီမှုအသင်းအားလည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ဖုန်း၊ Viber၊ Messenger များဖြင့် နှစ်သိမ့်အားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/6461၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း ဇမ္ဗူထိန်လင်းကျောင်းဆရာတော် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တလက္ခဏ မထေရ်မြတ်

## သက်တော်(၉၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညွံ့ရပ်၊ တိုက်သစ်ကျောင်းလမ်းရှိ ဇမ္ဗူထိန်လင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တလက္ခဏမထေရ်မြတ်သည် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်)၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့) ည ၈း၁၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ဆရာတော်ကြီး၏ မူလနက်သန်ဖြစ်သော ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာ၊ ညောင်ဇင်ကျောင်းတိုက်ကြီးသို့ ပင့်ဆောင်၍ ၂၂-၃-၂၀၁၇ရက်မှ ၃-၄-၂၀၁၇ ရက်အထိ အပူဇော်ခံထားရှိကာ (၁၃၇၈ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်) ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့) တွင် ညောင်ဇင်ရွာ သာခုကီဠုန ဘုန်းကြီးပျံကုန်း၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ဒါယိကာမများ**
**ညောင်ဇင်ရွာ**
**သရက်ချောင်းမြို့နယ်၊ ထားဝယ်ခရိုင်**
**တနင်္သာရီတိုင်းဒေသကြီး**

## ဒေါ်ရန်တီ (ပြည်မြို့)

## အသက်(၉၁)နှစ်

ပြည်မြို့၊ တရုတ်တန်းလမ်း၊ အမှတ်(၃)နေ(ဦးမောင်ကို)၏ဇနီး၊ ဦးကျင်ထွန်း-ဒေါ်အေးတုတ်၊ ဦးကျင်စိန်-ဒေါ်ခင်အေးမြင့်၊ ဦးအဟိုက်-ဒေါ်နီနီဝင်း၊ ဦးမြတ်မိုး-ဒေါ်သန်းသန်းစု၊ ဦးမျိုးအောင်-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါက်တာဝင်းမြင့်-ဒေါ်သင်းသင်းလှိုင်၊ ဦးအောင်ဆွေ-ဒေါ်မြင့်မြင့်လှိုင်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၂ယောက်တို့၏အဖွားသည် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ ရက် ညနေ ၃း၃၀နာရီတွင် အေးငြိမ်းရာ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**







## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8561 Lifan A6 LFJ 305565၊ D/T(4×2)L ယာဉ်လက်ဝယ်ရှိသူ Kaung Pyae Thar က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်အမှတ် ၂၊ ၅၁×၅၂လမ်းကြား၊ မင်းရဲကျော်စွာ× ဗထူးလမ်းကြားရှိ ဒေါ်မိုးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်မိုး ၉/ပသက(နိုင်)၀၅၀၆၄၅မှ မြေပေးမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၄)၊ ဦးပိုင်အမှတ် ၇၉၊ ၇၀×၇၁ လမ်းကြား၊ မြဝတီ×မြို့ရိုးလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးစိုးမြင့် ၉/မနမ(နိုင်)၀၂၅၉၈၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၇/၂၀၁၆ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်ခိုင် ၉/မခန(နိုင်)၁၇၅၁၂၅မှ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ ဂရန်စာချုပ်မူရင်းများ အသိမ်းလွှန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# (၁)လပြည့်အလွမ်း

## ထားခဲ့ရက်သူ

နွေမှာဆို---အရိပ်စစ်
မိုးဆို---ထီးလေးဖြစ်
ဆောင်းမှာဆို---ခြုံလွှာနွေး
အစစအရာရာ---လိုရာတွေ---ဖေးကူခဲ့သူ။
ဘဝခရီးတစ်လျှောက်
ဘယ်ပြဿနာ---ဘယ်လိုလာလာ။
ရှေ့ကနေ---မားမားရပ်ကာကွယ်တယ်…
ပမာဆို…ဒိုင်းကြီးတစ်ခုလိုပဲပေါ့…
လုံခြုံတယ်…ဘဝအရေး…တွေးလို့စိတ်အေး။
ခုများမတော့…..
မဖန်သာ ကံကြမ္မာဆိုးရယ်ကြောင့်
ကွေကွင်းရ…တစ်သက်တာ
စိတ်မှာပူဆွေး။
ရှိစဉ်မသိ…မရှိတဲ့အခါ
လွမ်းစရာတွေ….အရာရာဖြစ်
အခါခါ…အသစ်။

**ချစ်ဇနီး - ဝေ**
**သမီး - ဝိုင်း**
**သား - မျိုး(အထင်ကရ)**
**နှင်းဆီလမ်း**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ရီ (ကျွန်းလှ)

## အသက်(၇၂)နှစ်

ဒေါ်ယုယုဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(ငွေစာရင်း)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၏မိခင်ဒေါ်ညွန့်ရီသည် ၂၂-၃-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ စက်မှုတိုင်း(၄)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ညွန့်ရီ (ကျွန်းလှ)

## အသက်(၇၂)နှစ်

ဒေါ်သန္တာဝင်း(ဂမုန်းပွင့်ကုမ္ပဏီ)၏မိခင် ဒေါ်ညွန့်ရီသည် ၂၂-၃-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ဂမုန်းပွင့်မိသားစု**

# လူမှုစီးပွားဘဝမြင့်မားလာစေမည့် ပန်ဇင်းချောင်းတံတားသစ် ဘူးသီးတောင်မြို့နယ်၌ဖွင့်လှစ်




ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ ဖွင့်လှစ်ခဲ့သော ပန်ဇင်းချောင်းတံတားကို တွေ့ရစဉ်

**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

**မောင်တော မတ် ၂၅**

နိုင်ငံတော်အစိုးရသစ်၏ ပထမ(၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ လမ်း/တံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ပန်ဇင်းချောင်းတံတားသည်လည်း အပါအဝင်ဖြစ်ကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ရခိုင်ပြည်နယ်အား အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ပူးပေါင်းပြီး လမ်း/တံတားနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပန်ဇင်းချောင်းတံတားသစ်ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးနှင့် *စာမျက်နှာ ၇ ကော်လံ ၁* ✪

## (၇၂) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၁၇ ခုနှစ် (၇၂) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်း (ရှမ်းစု)၌ မတ် ၂၇ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ထိုနေ့ နံနက် ၅ နာရီခွဲမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ(ရေဒီယို) အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၇ ရက် သတင်းစာတွင် ပါရှိမည်

**ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၇ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**

(မြန်မာ့အလင်း)

## ဆီးဂိမ်းအကြို Baton Run လက်ဆင့်ကမ်းပြေးပွဲ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပ

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် မတ် ၂၅**

၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် "Rising Together-Baton Run" လက်ဆင့်ကမ်းပြေးပွဲအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်၍ တာလွှတ်ပေးသည်။

ထို့နောက် မလေးရှားနိုင်ငံလူငယ်နှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Datuk M Saravanan က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ Baton ကို လွှဲပြောင်းပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✱



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း

တနင်္ဂနွေ၊ မတ် ၂၆၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။





ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်

## ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်ခဲ့မှုများ

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ MOI







ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ ၂၀၁၆ ခုနှစ် မတ်လတွင် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ်စတင်မွေးဖွားလာခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲများစွာ မျှော်လင့်နေကြသည့် တိုင်းသူပြည်သားများကို အတူတကွချစ်ခင်ငြိမ်းချမ်းမှု၊ အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ကြွယ်ဝ ချမ်းသာမှု စသည့် လိုအပ်ချက်အပေါင်းကို ဖြည့်တင်းနိုင်ရန် အစိုးရသစ်တစ်ရပ်သည် တတ်စွမ်းသမျှသော ဝန်အားတို့ကို အသုံးပြုကာ ကြိုးပမ်းဆောင်ရွက်နေသည်။ ရည်မှန်းချက်ဖြစ် သည့် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အစိုးရသစ်ထံတွင် စိန်ခေါ်မှု များစွာရှိသကဲ့သို့ အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကိုလည်း ထင်ရှားစွာ မြင်တွေ့ရသည်။

### စတင်သက်သေထူ

နိုင်ငံတော်အစိုးရသစ်၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ ကြိုးပမ်းဆောင်ရွက်ချက်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံပိုင်သတင်းစာများသည် အစိုးရသစ်တာဝန် လက်ခံရယူသည့်နေ့မှ စတင်ကာ အသွင်သစ်၊ အမြင်သစ်တို့ဖြင့် ပြောင်းလဲတင်ဆက်လိုက်ခြင်းဖြင့် ပြောင်းလဲမှုကို စတင်သက်သေထူ ခဲ့သည်။ ထို့အတူ မြန်မာ့ရုပ်မြင်သံကြားကလည်း မီဒီယာပြုပြင်ပြောင်းလဲမှုများနှင့်အတူ အစိုးရနှင့် ပြည်သူအကြားပေါင်းကူးပေးနေသကဲ့သို့ ပြည်သူလူထု အသိပညာပြည့်ဝရေး အတွက် စာပေလောကတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် အစိုးရသစ်၏ ပြန်လည် ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာန ၂၂ ခု အနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဝန်ကြီးဌာနကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

"ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းတွေကို အတိုဆုံးချုပ်ပြီး ပြောရမယ်ဆိုရင် အစိုးရနဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးနေတာဖြစ်ပါတယ်။ အစိုးရတွေအနေနဲ့ တိုင်းပြည်အတွက်

**အချပ်ပို (ခ) သို့**

အချပ်ပို(က)မှ

မိမိတို့ ဘာတွေဆောင်ရွက်နေပါတယ် ဆိုတာ ကို ပုံမှန်အစီရင်ခံဖို့ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနက မိမိမှာရှိတဲ့ ရုပ်သံမီဒီယာ၊ ပုံနှိပ်မီဒီယာနဲ့ ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံနေတဲ့ ပြည်သူ့ဆက်ဆံရေးဌာနတွေက ဆောင်ရွက်ပေးရပါတယ်”ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

**ထုတ်လွှင့်နေကျ ပုံစံမှ ခွဲထွက်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)သည် ပြည်သူများ၏ စိတ်ဝင်စားမှုနှင့် အားပေးမှုအများဆုံးကို ဆန်းစစ်ခဲ့ပြီး ပြန်ကြားပေးရန် ၄၅ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်းနှင့် ဖျော်ဖြေရန် ၃၅ ရာခိုင်နှုန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး တစ်နှစ်တာအတွင်း ပြည်သူလူထုအတွက် တင်ဆက်မှုများစွာကို ပြုလုပ်ပေးခဲ့သည်။

သတင်းများကို ယခင်ထုတ်လွှင့်နေကျပုံစံမှ ခွဲထွက်ကာ ၂၀၁၇ ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ တစ်နေ့လျှင် သတင်းချိန် ၁၃ ချိန်အစား ရှစ်ကြိမ်သာ ထုတ်လွှင့်လျက်ရှိပြီး အရေးကြီးသတင်းများနှင့် သတင်းထူးများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ရည်ရွယ်ကာ Breaking News နှင့် Update News များအဖြစ် စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနိုင်ခဲ့ခြင်းအပြင် နိုင်ငံရေး၊ စီးပွားရေးများနှင့် ထူးခြားသည့် ကမ္ဘာ့အရေးကိစ္စများအတွက် ပညာရှင်များ၏ ဆွေးနွေးသုံးသပ်မှုများအား Debate အစီအစဉ်သစ်အနေဖြင့် တင်ဆက်နိုင်ခဲ့သည်။

၂၀၁၆ခုနှစ် ပြီတွင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများ ၊ (PSB) အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဥပဒေများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများကို ပြောင်းလဲရေးဆွဲနိုင်ခဲ့သည်။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင် သုံးသပ်ရေးဆွဲနေသည့် ကာလအတွင်း Multi Channel Playout System ၏ DVB-T2 စနစ် ရုပ်သံလိုင်း ငါးလိုင်းတွင် ပုဂ္ဂလိက မီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဒစ်ဂျစ်တယ် Free to air စနစ်ဖြင့် ထုတ်လုပ်ပြသနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရသည်။

ရိုက်ကူးထုတ်လုပ်မှု၊ အနုပညာဖန်တီးမှု၊ နည်းပညာအသုံးပြုမှု၊ တည်းဖြတ်မှုနှင့် သတင်းရယူမှုတို့တွင် မီဒီယာသမားများ၏ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာခဲ့သည့်အပြင် နိုင်ငံတကာမီဒီယာများမှ ပညာရှင်များကို ဖိတ်ခေါ်ကာ ပူးတွဲလုပ်ဆောင်ခြင်း၊ သင်တန်းများပို့ချစေခြင်းနှင့် ပြည်ပလေ့လာရေးများ၊ ပညာသင်ကြားရေးများ၊ ဆွေးနွေးပွဲများ စေလွှတ်ကာ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်လျက်ရှိကြောင်း သိရသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းတင်ဆက်နေမှုကို တွေ့ရစဉ်

**ညှိနှိုင်းဆွေးနွေးသည့် ယဉ်ကျေးမှု**

တစ်နှစ်တာအတွင်း ပုံမှန်တင်ဆက်နေကျ သတင်းများအပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ၏ စကားဝိုင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်းများကို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သဘောထားမတူညီမှုများကို ညှိနှိုင်းဆွေးနွေးသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေခဲ့သည်။

လူငယ်များအတွက် အတွေးအခေါ်များ ဆန်းသစ်တွေးတောနိုင်စေခြင်းကိုရည်ရွယ်၍ ရေဒီယိုအစီအစဉ်သစ် Talk Show ကို ထုတ်လွှင့်နိုင်ခဲ့ပြီး မြန်မာ့အသံမှ မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ရေးအစီအစဉ်ဖြစ်သည့် မညှိုးပန်းတို့၏ ဒိုင်ယာရီအစီအစဉ်ကို တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ အစိုးရသစ် တစ်နှစ်တာအတွင်း တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို မတူကွဲပြားသည့် နည်းပညာများ၊ ရိုက်ကူးတင်ဆက်မှုများဖြင့် ထုတ်လွှင့်နိုင်ခဲ့ပြီး ပျောက်ကွယ်လုနီးပါး တိုင်းရင်းသားရိုးရာ အသုံးအနှုန်းများ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**ပြည်သူ့ကြားက ပြည်သူ့ဌာန**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုဌာနတစ်ခုဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြား၊ ပြည်သူမှ ပြည်သူအကြား အသိပညာ၊ ဗဟုသုတများကို ဖြန့်ဝေပေးနေရသည့် ဌာနတစ်ခုလည်း ဖြစ်သည်။ အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးစာပေပွဲတော်များကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

“စာပေဖွံ့ဖြိုးရေးအတွက် ကလေးစာပေပွဲတော်တစ်ရပ်ကို အမြို့မြို့အနယ်နယ်မှာ ဆက်တိုက်စီစဉ် ကျင်းပနေတာတွေ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းက နေပြည်တော်မှာ ကျင်းပခဲ့တယ်။ များမကြာခင်ကာလက မန္တလေးမှာ ကျင်းပခဲ့ပါတယ်။ အခု မော်လမြိုင်မှာ ကျင်းပလျက်ရှိပါတယ်။ နေပြည်တော်မှာ ကျင်းပစဉ်က ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းက ဦးစီးပြီး ကျင်းပခဲ့ပေမယ့် မန္တလေးမှာ ကျင်းပတဲ့အခါကျတော့ ပြန်ကြားရေးဝန်ကြီးဌာနအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ပါ ပူးတွဲကျင်းပနိုင်ခဲ့ပါတယ်။ မော်လမြိုင်မှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်ကတော့ ပြန်ကြားရေး ဝန်ကြီးဌာနနဲ့အတူ ပညာရေးဝန်ကြီးဌာနနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပတာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

အစိုးရသစ်၏ တစ်နှစ်တာအတွင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ သတင်းစာ ၃၉ စောင်၊ ဂျာနယ် ၄၇၈ စောင်၊ မဂ္ဂဇင်း အမျိုးအစား ၃၇၂ အုပ်၊ အထွေထွေထုတ်ဝေခြင်း အမျိုးအစား ၁၁၀၅ အုပ်၊ သတင်းအေဂျင်စီပေါင်း ၅၂ ခုနှင့် ပုံနှိပ်ခြင်းလုပ်ငန်း

**အချပ်ပို(ဂ)သို့**



နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံကို ဝေဟင်မှ မြင်တွေ့ရစဉ်

အချပ်ပို(ခ)မှ

ပေါင်း ၁၃၉၅ ခု အထိ ရှိလာကြောင်းသိရပြီး ဒီဂျစ်တယ်စနစ်ရုပ်ရှင်ရုံများအဖြစ် ရုပ်ရှင်ရုံ ၂၉ ရုံ ကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာရုပ်ရှင်ဇာတ်ကား ၈၄ ကား၊ နိုင်ငံခြားရုပ်ရှင် ဇာတ်ကား ၉၇ ကားနှင့် မြန်မာဗီဒီယိုဇာတ်ကား ၇၈၉ ကားတို့ကို ဆင်ဆာမူဝါဒများဖြင့် စိစစ်ခွင့်ပြုနိုင်ခဲ့သည်။

ပြည်သူများလွယ်လင့်တကူ ဗဟုသုတရှာမှီးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာကြည့်တိုက်များကို Community Center များအဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်နှင့် မြို့နယ် ၁၃၃ ရုံးတွင် ကလေးစာဖတ်ခန်းများကို ထားရှိကာ ကလေးငယ်များအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဟောပြောပွဲ ၅၁ ကြိမ်၊ ပုံပြင်ပြောပြိုင်ပွဲ ၂၀၇ ကြိမ်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ၄၈ ကြိမ်၊ စာစီစာကုံးပြိုင်ပွဲ အကြိမ် ၂၀၊ စာဖတ်ဝိုင်းများကို ၂၂၂ ကြိမ်အထိ ကျင်းပပေးနိုင်ခဲ့ပြီး နံရံကပ်ဓာတ်ပုံပြပွဲ၊ ပန်းချီသင်တန်း၊ ကဗျာရေးဖွဲ့နည်းသင်တန်းများနှင့် လက်မှုအနုပညာသင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဟိုဘက်အိမ်က မီးထိန်ထိန်**

ပြည်သူလူထုအတွက် အသိပညာပြန့်ပွားစေမည့် ပညာပေးဗီဒီယိုဇာတ်ကားများဖြစ်သည့် **သူငယ်ချင်းသုံးယောက်ရှိလေသည်** ဗီဒီယိုဇာတ်ကား၊ **အမှိုက်ကစ** ဇာတ်ကားနှင့် **စူပါမင်းလည်း မကယ်နိုင်** ဇာတ်ကားများကိုလည်းကောင်း၊ **ဟိုဘက်အိမ်က မီးထိန်ထိန်** ရုပ်မြင်သံကြားဇာတ်လမ်းကိုလည်းကောင်း ရိုက်ကူးတင်ဆက်နိုင်ခဲ့ကြောင်း သိရှိရသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများထံ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှု



အားလပ်ရက်တွင် ကလေးငယ်များအတွက် ပန်းချီဆွဲလေ့ကျင့်ပေးနေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ

တစ်နှစ်တာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ Web-portal ကို ယူနီကုတ်စနစ် ဖြစ်သည့် Myanmar 3၊ အသုံးများပြားသည့် Zawgyi မြန်မာဘာသာစကားလုံးသုံးစွဲမှုပုံစံနှစ်မျိုးစလုံးဖြင့် အသုံးပြုရန်နှင့် သတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန်အတွက်လည်း ပြောင်းလဲတိုးချဲ့ခဲ့သည်။ နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက် ကျင်းပသည့် ရုပ်ရှင်ပွဲတော်ပေါင်း ခြောက်ကြိမ်ခန့်ကို တစ်နှစ်တာအတွင်း ဇာတ်ကားပေါင်း ၈၄ ကားခန့် ပြသနိုင်ခဲ့သည်။

**စာပေဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု**

‘‘ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေကို မိမိတို့ဘာသာ ဆောင်ရွက်သကဲ့သို့ အခြားသောစာပေဖွံ့ဖြိုးရေးအပိုင်းမှာဆိုရင် စာပေဖွံ့ဖြိုးရေးကိစ္စကို စိတ်အားထက်သန်သော၊ စေတနာရှိသော အဖွဲ့အစည်းတွေ၊ တစ်ဦးချင်းသော ပညာရှင်ပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ရှိပါတယ်’’ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆိုသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် စာပေလုပ်ငန်းများ၊ နိုင်ငံတော်ပြန်တမ်းများ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိခြင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် အခြေခံပညာ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပေးခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပ်နှံသည့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ဆန္ဒမဲလက်မှတ်များကို ရိုက်နှိပ်ပေးခြင်းများ အဓိကဆောင်ရွက်နေသည့် ဦးစီးဌာနတစ်ခုလည်း ဖြစ်သည်။

**ဘာသာပြန်စာပေဆိုင်ရာ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ**

‘‘ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေလှုပ်ရှားမှုအစီအစဉ်တွေအနေနဲ့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနဲ့ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနဲ့ ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် စတာတွေရှိပါတယ်။ မကြာခင်ကာလအတွင်းမှာ ဘာသာပြန်စာပေဆိုင်ရာ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲတွေ ကျင်းပပေးသွားဖို့ ရှိပါတယ်’’ဟု ဒေါက်တာဖေမြင့်က ပြောကြားသည်။

ထို့ပြင် စာတမ်းဖတ်ပွဲများနှင့် တွဲဖက်၍ စာအုပ်ဈေးပွဲတော်များ ကျင်းပလေ့ရှိသည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံး ရန်ကုန်မြို့သိမ်ဖြူလမ်းမကြီးအား စာအုပ်လမ်းအဖြစ် မြှင့်တင်ပေးနိုင်ခဲ့သည်မှာလည်း ပြန်ကြားရေးဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း အောင်မြင်မှုများအနက်မှ တစ်ခုဖြစ်သည်။

‘‘ထွန်းဖောင်ဒေးရှင်းနဲ့ စာပေဗိမာန်အဖွဲ့တို့ ပူးတွဲပြီး မြန်မာ့စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေနိုင်အောင် စီစဉ်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်းက မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ ကျမ်းတစ်စောင်ဖြစ်ပြီး ၁၉၅၄ခုနှစ်က စတင်ပြုစုပုံနှိပ်ခဲ့ပါတယ်။ ခေတ်နောက်ကျနေပြီဖြစ်လို့ ခေတ်မီတဲ့ စွယ်စုံကျမ်းကြီးဖြစ်အောင် ပြန်လည် ပြင်ဆင်ဖြည့်စွက် တည်းဖြတ်ပြီး ထုတ်ဝေသွားဖို့ရှိပါတယ်’’ဟု ဒေါက်တာဖေမြင့်က ပြောကြားသည်။

၂၀၁၆ နိုဝင်ဘာ ၃၀ ရက်တွင်လည်း ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)နှင့် ဆရာကြီးတင်ခ (တက္ကသိုလ်တင်ခ) တို့နှင့် အမျိုးသားစာပေဆုရရှိကြသူများကို ဆုများချီးမြှင့်ခြင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် စာပေဗိမာန်စာမူဆုများကိုလည်း စာပေပညာရှင်များထံ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**အသိပညာဖွံ့ဖြိုးတိုးတက်ရေး**

‘‘အများပြည်သူက ပြန်ကြားရေးလို့ ဆိုလိုက်ရင် ရေဒီယို၊ ရုပ်သံနဲ့ သတင်းစာတွေလို့ပဲမြင်ကြပါတယ်။ အများပြည်သူကို

အချပ်ပို(ဃ)သို့



ရန်ကုန်မြို့လယ်မှ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၏ အခင်းအကျင်း

**အချပ်ပို(ဂ)မှ**

သတင်းအချက်အလက်တွေပေးတာအပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့ အခြားကဏ္ဍတစ်ရပ်ကိုလည်း ထမ်းဆောင်နေတာရှိပါတယ်။ အဲဒါက အများပြည်သူတို့ အသိပညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံမှာ စာအုပ်စာပေတွေ ထွန်းကားဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာကြီးများသည် အစိုးရသစ် စတင်တာဝန်ယူသည့်နေမှ စတင်ကာ မူလအနေအထားကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲထားသည့် လိုဂိုအသစ်ဖြင့် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့ကြသည်။

မိဘပြည်သူများအတွက် အသိပညာပေးဝေရေး၊ ဖျော်ဖြေရေး၊ ပြန်ကြားပေးရေး၊ သတင်းထုတ်ပြန်ပေးရေးနှင့် ဆွဲဆောင်မှုရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သတင်းစာမျက်နှာများ ဖြစ်လာစေရေး နေ့စဉ်နှင့်အမျှ ကြိုးပမ်းနေကြပြီး မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့်လည်းကောင်း မန္တလေးသတင်း၊ ဆောင်းပါးများအတွက် မန္တလေးစာမျက်နှာကိုလည်းကောင်း အပတ်စဉ်ထုတ်ဝေကာ သတင်းစာများတွင် ဖော်ပြလျက်ရှိသည်။

**အခွင့်ထူးခံစားခြင်း အလျဉ်းမရှိ**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် အောင်မြင်သော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော သယ်ယူပို့ဆောင်ရေး၊ ကုန်ကြမ်းတင်သွင်းရေးစသည့် လုပ်ငန်းစဉ်တိုင်းတွင် အခွင့်ထူးခံစားခြင်း အလျဉ်းမရှိဘဲ ကျသင့်သည့် အဖိုးအခများအလိုက် ပေးဆောင်နေသည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ကြောင်းလည်း ဂုဏ်ယူဖွယ်တွေ့ရှိရသည်။

ကုန်ကြမ်းများဝယ်ယူရာတွင် နိုင်ငံတော်သို့ ကုန်သွယ်ခွန်အပြည့်အဝပေးသွင်းလျက်ရှိပြီး အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိသည်။ နိုင်ငံတော်သို့ ထည့်ဝင်ကြေးအဖြစ် အမြတ်ငွေ၏ ၂၀ ရာခိုင်နှုန်းကို ပေးအပ်ကာ အမြတ်ငွေများအနက်မှ ၅၅ ရာခိုင်နှုန်းကိုလည်း လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ပြန်လည်ထည့်ဝင်စုဆောင်းထားရှိသည့် ဌာနကြီးတစ်ခုလည်း ဖြစ်သည်။



နေ့စဉ်ထုတ်သတင်းစာများကို အနယ်နယ်အရပ်ရပ်ရှိ စာဖတ်သူများထံ ရထားလိုင်းများမှလည်း တင်ပို့လျက်ရှိရာ ဖြန့်ချိရေးမော်တော်ယာဉ်များကို ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်

**လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားရှိ**

လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားရှိသည့်ပမာဏမှာ ထိုက်သင့်သလောက်ရှိလာပြီး နှစ်စဉ်အသုံးစရိတ်အတွက် သုံးစွဲနိုင်သည့် အခြေအနေများကြောင့် ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲခြင်းမပြုတော့ဘဲ လုပ်ငန်းသုံးရင်းနှီးငွေအတွင်းမှ ပြန်လည်ထုတ်ယူသုံးစွဲနိုင်လာပြီဖြစ်ကြောင်း သိရသည်။


မြန်မာ့အလင်းသတင်းစာတိုက်မှ ဝန်ထမ်းများ၏ သတင်းခန်းလုပ်ငန်းခွင်


နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာထည့်သွင်းမှု လွယ်ကူစေရန် ရန်ကုန်မြို့လယ်၌ ကြော်ငြာဌာနဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးနေစဉ်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ပြည်သူ့သဘောထားစင်မြင့်၊ ထင်သာမြင်သာပြုပြင်စရာ၊ စာတည်းထံပေးစာစသည့် ကဏ္ဍများကို ထည့်သွင်းဖော်ပြလျက်ရှိခြင်းကြောင့် ပြည်သူများအတွက် ခံစားချက်များ၊ အခက်အခဲများ၊ စိုးရိမ်ပူပန်မှုများ၊ ပြုပြင်ဆောင်ရွက်စေလိုမှုများကို အစိုးရထံ အပြုသဘောဆောင်သည့် ရေးသားမှုတို့ဖြင့် လွတ်လပ်စွာ ဖော်ပြနိုင်သကဲ့သို့ အပြုသဘောဖြင့် ဝေဖန်ထောက်ပြနိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသည်ကို မြင်တွေ့ရသည်။

မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ကြေးမုံသတင်းစာတွင် အပတ်စဉ်ဖော်ပြပေးလျက်ရှိပြီး တစ်နိုင်ငံလုံးမှ မျိုးဆက်သစ်လူငယ်များ၏ အတွေးအမြင်များ၊ ခံစားမှုများကို ဖော်ပြပေးခဲ့ရာ လူငယ်များက အားပေးခဲ့သည့်အပြင် များစွာသော စာမူများကိုလည်း နေ့စဉ်နှင့်အမျှ လက်ခံရရှိလာခဲ့သည်။

ကလေးများအတွက် အပတ်စဉ် ဆန်းဒေးကာတွန်း အစီအစဉ်ကြောင့်လည်း ကလေးငယ်များအတွက် စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ခဲ့ပြီး အနုပညာစွမ်းအား၊ စိတ်ဓာတ်နှင့် စာရိတ္တသတ္တိများကိုပါ ပေးဝေနိုင်ခဲ့သည်။

နိုင်ငံပိုင်သတင်းစာများသည် စာဖတ်သူတိုးပွားလာခြင်း၊ နိုင်ငံအတွင်း အပျံ့နှံ့ဆုံး သတင်းစာများဖြစ်ခြင်းနှင့် ပြည်သူလူထုယုံကြည်အားကိုးလာခြင်း စသည့်အချက်များကြောင့် ကြော်ငြာထည့်ဝင်မှု များပြားသဖြင့် သတင်းစာတစ်စောင်၏ ပင်ရင်းဈေးကိုတစ်စောင်လျှင် ငွေကျပ်၅၀ ဖြင့် ဝန်ဆောင်မှုပေးနိုင်သည့်အပြင် အမြတ်ငွေများစွာရရှိခဲ့ပြီး နိုင်ငံဘဏ္ဍာအတွက် အကျိုးရှိသော်လည်း အမှန်တကယ်ထုတ်လုပ်မှုစရိတ်ကို တွက်ချက်ပါက တစ်စောင်လျှင် အကြမ်းဖျင်း ငွေကျပ် ၁၅၀ ကျော် ကုန်ကျကြောင်း သိရှိရသည်။

**ဒစ်ဂျစ်တယ်သတင်းစာ**

အစိုးရသစ်၏ တစ်နှစ်တာအတွင်း မြင့်မားလာခဲ့သည့် သတင်းအချက်အလက် နည်းပညာများအရ ပြည်သူများ အွန်လိုင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရယူနိုင်ရေးကို ရှေးရှုကာ အွန်လိုင်းဒစ်ဂျစ်တယ်သတင်းစာအဖြစ် တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံ့အကျိုးအတွက် အကျိုးရှိစေမည့် သတင်းများ၊ မဖြစ်မနေပါဝင်သင့်သည့်သတင်းများကို ဦးစားပေးဖော်ပြနေပြီး ပဋိပက္ခဖြစ်စေမည့်၊ အငြင်းပွားစေမည့်၊ လိုရာကောက်ချက် ဆွဲယူနိုင်မည့် အရေးအသား၊ ဖော်ပြချက်များကို ရှောင်ရှားကာ သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်သတင်းများအတွက် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖော်ပြခြင်းဖြင့် ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးနေရသူများ၊ မြန်မာဘာသာ အဆင့်အတန်း၊ စာလုံးပေါင်းသတ်ပုံတိကျမှုနှင့် အခြားသော ပြည်သူများ သိရှိရမည့် အချက်အလက်များစွာကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ခြုံငုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ဖွံ့ဖြိုးလာခဲ့သည့် မြန်မာ့မီဒီယာလောကတွင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည့် မြန်မာ့အလင်းသတင်းစာ၊ နှစ်ပေါင်း ၆၀ သက်တမ်းရှိ ကြေးမုံသတင်းစာနှင့် အသွင်သစ်ဖြင့် ပြောင်းလဲတင်ဆက်လျက်ရှိသော The Global New Light of Myanmar သတင်းစာကြီးများသည်လည်း ပူးပေါင်းပါဝင်နေကြောင်း သိရသည်။

**ပေါင်းကူးဆက်သွယ်**

“နိဂုံးချုပ်ပြီးပြောရမယ်ဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနသည် အစောကပြောခဲ့သလို အစိုးရနဲ့ ပြည်သူအကြား ပေါင်းကူးဆောင်ရွက်ပေးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီလို ပေါင်းကူးဆက်သွယ်နိုင်ဖို့အတွက် သတင်းအချက်အလက်တွေကို အများသိအောင် တင်ဆက်ပေးတဲ့ အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ အဓိကဆောင်ရွက်ရ ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်ပြောခဲ့တဲ့အတိုင်း အများပြည်သူတို့ အသိပညာ ပြည့်ဝရေးအတွက်နဲ့ စာပေလောကတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပါတယ်”ဟု အစိုးရသစ် တစ်နှစ်တာကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ပြည်သူလူထုအတွက် သိရှိလိုသည့် သတင်းအချက်အလက်များကို တန်ဖိုးအနည်းဆုံး ဝန်ဆောင်မှုများဖြင့် တင်ဆက်ပေးနေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များ၊ နိုင်ငံပိုင်ပြည်သူ့သတင်းစာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် မှတ်တမ်း၊ မော်ကွန်းနှင့် သတင်းပြန်ကြားချက်များသည် ပြည်သူတို့အတွက် အမြို့မြို့အနယ်နယ်တွင် ဝန်ဆောင်မှုပေးလျက်ရှိနေသကဲ့သို့ ကလေးစာပေပွဲတော်များ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ခဲ့ခြင်းကြောင့် ကလေးများ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်နိုင်ခဲ့သည့်အပြင် နိုင်ငံ့တော်၏ ပုံနှိပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာစာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ဆက်လက်ပါဝင်အကျိုးပြု နေဦးမည် ဖြစ်ပါကြောင်း။

# ထိရောက်ပြီး စရိတ်ကျဉ်းသော သယ်ယူပို့ဆောင်ရေးစနစ် ဖော်ဆောင်မည်

တွေ့ဆုံမေးမြန်း - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - ကိုကိုစိုးညွန့်(သတင်းစဉ်)









ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပို့ဆောင်ဆက်သွယ် ရေးလွယ်ကူချောမွေ့မှုသည် အဓိကကဏ္ဍမှ ပါဝင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် အစိုးရအဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတစ်ဝန်း ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး။ ဝန်ကြီးဌာနရဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို ပြောပြပေးစေချင်ပါတယ် ခင်ဗျာ။**

ဖြေ ။ ပထမဆုံးဆောင်ရွက်ရတာက ဝန်ကြီးဌာနသုံးခု၊ ရုံးသုံးရုံးက အမြဲတမ်းအတွင်းဝန်သုံးဦးနဲ့ ဖွဲ့စည်းထားခဲ့တာကို အုပ်ချုပ်မှု၊ ကွပ်ကဲမှု ပီပြင်အောင် အမြန်စုစည်း ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ပြီးတော့ တိုင်းပြည်ရဲ့ သယ်ယူ ပို့ဆောင်ရေးမူဝါဒကို မေလအတွင်းမှာ ရေးဆွဲချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ADB ပညာရှင်များနဲ့ ညှိနှိုင်းပြီး လက်ရှိနိမ့်ကျနေတဲ့ လမ်းပန်းဆက်သွယ်ရေး အခြေခံ အဆောက်အအုံ၊ လူမှုစီးပွား တိုးတက်နိုင်မှု အခြေအနေတွေနဲ့ကိုက်ညီအောင် ရေးဆွဲထားတာ ဖြစ်ပါတယ်။ အဓိက ရည်မှန်းချက်ကတော့ “ထိရောက်ပြီး၊ စရိတ်ကျဉ်းသော သယ်ယူပို့ဆောင်ရေးစနစ်”ထူထောင်ဖို့ ဖြစ်ပါတယ်။

**လိုက်လျောညီထွေ**

အဲဒီမူဝါဒနဲ့အညီ JICA က ရေးဆွဲထားတဲ့ အမျိုးသား သယ်ယူပို့ဆောင်ရေး ပင်မစီမံကိန်း (National Transport Master Plan 2016-2040)နဲ့လည်း လိုက်လျောညီထွေ ဖြစ်အောင် သက်ဆိုင်ရာ လေကြောင်း၊ ရေကြောင်း၊ ရထားကဏ္ဍခွဲတွေအလိုက် ငါးနှစ်စီမံကိန်းများကို အသေးစိတ် ရေးဆွဲထားပါတယ်။ ဒီနှစ်မှာ အရင်အစိုးရက ရေးဆွဲထားတဲ့ ဘတ်ဂျက်ဘောင်ထဲကနေပြီး ပြည်သူလူထုအကျိုးမရှိတဲ့ လုပ်ငန်းတွေကို ရပ်ပြီး၊ မြန်မြန်အကျိုးရှိနိုင်တဲ့ ရေရှည်မှာ လည်း အကျိုးပြုနိုင်မယ့်လုပ်ငန်းတွေကို ပြင်ဆင်သုံးစွဲဖို့ စီစဉ်ရပါတယ်။

**မေး။ ရထားကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေကို သိချင်ပါတယ်။**

ဖြေ။ ရထားကဏ္ဍမှာ ရန်ကုန်ကမ်းနားလမ်း ပြေးဆွဲနေတဲ့ လျှပ်စစ်ရထားဆိုတာ အမြန်ဆုံးရပ်ပစ် လိုက်ပါတယ်။ တစ်နေ့ ၁၀ ယောက်လောက်စီးပြီး ပြေးဆွဲသည်နှင့်အမျှ အရှုံးပေါ်နေတယ်။ ပြည်သူလူထုအတွက်လည်း မလိုအပ်ဘူး။ နောက်ထပ်ရင်းနှီးမြှုပ်နှံဖို့ တင်ပြထားတဲ့ အမေရိကန်ဒေါ်လာ သုံးသန်းနီးပါးနဲ့ သန်း ၂၀၀ လောက်ကို အကျိုးရှိတဲ့ အခြားနေရာကို လွှဲပြောင်းသုံးဖို့စီစဉ်ပါတယ်။

သတင်းစာတွေနဲ့ ဂျာနယ်အချို့မှာ ပြောပြောနေကြတဲ့ မြန်နှုန်းမြင့် High Speed Railway လိုဟာမျိုးကို ဒီငါးနှစ် မှာ မစဉ်းစားနိုင်သေးပါဘူး။ High Speed Railway ဆိုတာ တစ်နာရီ ကီလိုမီတာ ၂၅၀ အထက် ပြေးဆွဲမှ မြန်နှုန်းမြင့်လို့ ခေါ်တာပါ။ ကျွန်တော်တို့ရဲ့တစ်ဦးချင်းဝင်ငွေ Per Capital Income အမေရိကန်ဒေါ်လာ ၁၁၀၀ အောက်မှာရှိသေးတဲ့ နိုင်ငံအနေနဲ့ High Speed Railway ကို မဖောက်သင့်သေး ဘူးလို့ ပညာရှင်များက ဆိုကြပါတယ်။

**ရထားလမ်း လေးလမ်း**

ဒါကြောင့်လည်း ရန်ကုန် - မန္တလေး၊ မန္တလေး - မြစ်ကြီးနား၊ ရန်ကုန် - မော်လမြိုင်၊ ရန်ကုန် - ပြည်ဆိုတဲ့ အဓိက ရထားလမ်း လေးလမ်းကိုပဲ ပြုပြင်မှာပါ။ ရထားရဲ့ မူလဈေးကွက် ၈၀ ရာခိုင်နှုန်းက ဒီလမ်းလေးလမ်းမှာပဲ ရှိပါတယ်။

**မေး။ မီးရထားလမ်းပိုင်းတွေကို ဘယ်လိုအဆင့်မြှင့်တင် ဆောင်ရွက်သွားမယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ရန်ကုန် - မန္တလေးကို ဂျပန်နိုင်ငံ ODA ချေးငွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါပေါင်း ရှစ်ခုကို ခေါ်ထားပြီး အစီအစဉ်တကျ ဆောင်ရွက်နေပါတယ်။ မူလ စီမံကိန်းကာလ ၂၀၁၆ - ၂၀၂၃ ကို ရှေ့တိုးနိုင်ဖို့ တွန်းအားပေး ဆောင်ရွက်နေပါတယ်။ စီမံကိန်းပြီးစီးသွားရင် ရန်ကုန်နဲ့ မန္တလေးကို ၁ နာရီ ကီလိုမီတာ ၁၀၀ နှုန်းနဲ့ ခုတ်မောင်းနိုင်မှာဖြစ်ပြီး ခရီးစဉ်အစအဆုံးကို ၁၆ နာရီကနေ ၈ နာရီကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြည်သူများ သက်သောင့်သက်သာသွားလာနိုင်ရန် ခေတ်မီ DEMU တွဲသစ်များဖြင့် ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။

**လမ်းကြောင်းသစ်ဖောက်**

မန္တလေး - မြစ်ကြီးနားအတွက် အဓိက ကြန့်ကြာမှုအဖြစ် ဆုံး၊ အကွေ့အကောက်နဲ့ လျှောစောက်အများဆုံးဖြစ်တဲ့ ဂျိုးထောင်၊ နမ့်ခမ်း၊ ဘုံချောင်း၊ မဲဇာ Section သုံးခုကို လမ်းအူကြောင်းပြောင်းဖို့ ကိုရီးယားအင်ဂျင်နီယာတွေ ဒီနှစ် ထဲမှာ တိုင်းတာမှုတွေလုပ်ပြီးပါပြီ။ ဥမင်လမ်းအသစ်နဲ့ တံတား အသစ်တစ်ခုအပါအဝင်

**အချပ်ပို (စ) သို့**

**အချပ်ပို(င)မှ**

လမ်းကြောင်းသစ် ဖောက်လုပ်ရမှာပါ။ ကိုရီးယားနိုင်ငံ EDCF Loan အမေရိကန် ဒေါ်လာသန်း ၁၀၀ နဲ့ ပြင်ဆင်ဖို့ ညှိနှိုင်းနေပါတယ်။ ကျန်လမ်းပိုင်းတွေကိုလည်း တဖြည်းဖြည်း ဝန်ကြီးဌာန ဘတ်ဂျက်အတွင်းက ပြင်နေပါတယ်။ စီမံကိန်းကို ၂၀၁၇ မှ ၂၀၁၉ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ၁ နာရီ ၁၆ ကီလိုမီတာကနေ ၄၅ ကီလိုမီတာသို့ တိုးမြှင့်ခုတ်မောင်းနိုင်မှာဖြစ်ပြီး ခရီးကြာချိန်ကိုလည်း ၂ နာရီခွဲ ကျော်ကျော် လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန် - မန္တလေး နည်းတူ ခေတ်မီတွဲသစ်များဖြင့် ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်-မော်လမြိုင်အတွက် လမ်းပိုင်းအကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ ၂၀၁၆ - ၂၀၁၇ အတွင်းမှာ ပဲခူး - တောင်ငူ ၆၂ မိုင် သံလမ်းဂဟေဆက်ခြင်း၊ အဆင့်မြှင့်ပက်ကင်ရိုက်ခြင်း ပြီးစီးပြီဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ မှာ တောင်ငူ - မော်လမြိုင် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အပြီးဆောင်ရွက်ဖို့ ဘတ်ဂျက်လိုနေလို့ RE မှာ ထပ်တောင်းမှာပါ။ ၂၀၁၈ နှစ်ကုန်မှာတော့ ရန်ကုန် - မော်လမြိုင်ကို သက်သောင့်သက်သာနဲ့ ၆ နာရီခွဲအတွင်း ရထားဖြင့် ခရီးသွားလာနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**လေ့လာအကြံပေး**

ရန်ကုန် - ပြည်အတွက်ကိုလည်း အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှာပါ။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေနဲ့ ယခုနှစ်အတွင်း ရန်ကုန် - ပြည်အတွက် အကူအညီပေးဖို့ လေ့လာအကြံပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ ရန်ကုန်မြို့ပတ် မီးရထားလမ်းပိုင်းကို ဘယ်လို ဆောင်ရွက်သွားမှာလဲ ခင်ဗျာ။**

ဖြေ။ ။ ရန်ကုန်မြို့ပတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန် ODA ချေးငွေနဲ့ ဆောင်ရွက်နေပါတယ်။ ချေးငွေအများကြီး မယူရအောင်လို့ မြို့ပြအင်ဂျင်နီယာလုပ်ငန်းတွေကို ကျွန်တော်တို့ဘာသာ ဆောင်ရွက်နေပါတယ်။ Automatic Block System နဲ့ Automatic Train Stop System၊ DEMU တို့ကိုသာ ဝယ်ယူတင်သွင်းမှာ ဖြစ်ပါတယ်။

ကိုယ်လုပ်ရမယ့်အပိုင်းကို ကြိုလုပ်နေပါတယ်။ ဒီနှစ် ၂၀၁၆ -၂၀၁၇ မှာ ရန်ကုန်နဲ့ လော်ကားအကြား သံလမ်းခြောက်ချောင်း ဂဟေဆက်ခြင်း ၁၇ မိုင်၊ တံတားအစင်း ၂၀ ကို ပေါင်များ အသစ်လဲလှယ်ခြင်း၊ ဘူတာခြောက်ခုမှာ စင်္ကြံအမြင့်ပြုလုပ်ခြင်းတွေ ပြီးစီးခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ မှာ သိသိသာသာ ရုပ်လုံးပေါ်လာမှာ ဖြစ်ပါတယ်။ ယခု ၂၅ ကီလိုမီတာကနေ ၆၀ ကီလိုမီတာသို့ တိုးမြှင့်ခုတ်မောင်းနိုင်မှာဖြစ်ပြီး မြို့တစ်ပတ်ခရီးသွားကြာချိန်ကို ၂ နာရီ မိနစ် ၅၀ ကနေ ၁ နာရီ မိနစ် ၅၀ ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အင်းစိန်ဘူတာ၊ ရေကူးဘူတာတွေမှာ ဘတ်စ်ကားနဲ့ ရထားလမ်းဆက်စပ်နိုင်တဲ့ Interchange Station တွေ၊ ကားပါကင်တွေ၊ Public Area တွေကို စနစ်တကျတည်ဆောက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးကို တောင် - မြောက်ဖြတ်မယ့်UMRT (1)၊ အရှေ့ - အနောက်ဖြတ်မယ့် UMRT (2)တွေကို ဖောက်လုပ်ဖို့ JICA ရဲ့ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးစီမံကိန်း (YUTRA) မှာ အကြံပြုတင်ပြထားပါတယ်။ အဲဒီ Mass Rapid Transit System (Rail) နှစ်ခုအတွက် ဖြစ်မြောက်နိုင်ခြေလေ့လာမှုကို စတင်ဆောင်ရွက်ကြဖို့ JICA ရော KOICA ကိုပါ နှိုးဆော်ထားပါတယ်။

**အချပ်ပို(ဆ)သို့**



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လေယာဉ်ပြုပြင်ဝန်ထမ်းများ လေယာဉ်အစိတ်အပိုင်းများကို ပြုပြင်နေစဉ်




ရန်ကုန်ဆိပ်ကမ်း၌ ပြည်တွင်း ပြည်ပမှကုန်ပစ္စည်းများ တင်ပို့နေမှုကိုတွေ့ရစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်

**ရထားကဏ္ဍမှာ ရန်ကုန်ကမ်းနားလမ်း ပြေးဆွဲနေတဲ့ လျှပ်စစ်ရထားဆိုတာ အမြန်ဆုံး ရပ်ပစ်လိုက်ပါတယ်။ တစ်နေ့ ၁၀ ယောက်လောက်စီးပြီး ပြေးဆွဲသည်နှင့်အမျှ အရှုံးပေါ်နေတယ်။ ပြည်သူလူထုအတွက်လည်း မလိုအပ်ဘူး။ နောက်ထပ် ရင်းနှီးမြှုပ်နှံဖို့တင်ပြထားတဲ့ အမေရိကန်ဒေါ်လာသုံးသန်းနီးပါးနဲ့ သန်း ၂၀၀ လောက်ကို အကျိုးရှိတဲ့ အခြားနေရာကို လွှဲပြောင်းသုံးဖို့စီစဉ်**

အချပ်ပို(စ)မှ

### နားလည်မှုစာလွှာ

ဒီနှစ်ထဲမှာ ဂျပန်နိုင်ငံကို သွားရောက်ပြီး ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) ဝန်ကြီးနဲ့ တွေ့ဆုံပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ အကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ငါးနှစ်သက်တမ်းရှိ နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

**မေး။ ။ ရေကြောင်းကဏ္ဍကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံဟာ သယ်ယူပို့ဆောင်ရေးလုပ်နိုင်တဲ့ Navigable River ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန် စသည်ဖြင့် များစွာရှိပေမယ့် တောပြုန်းခြင်း၊ စည်းကမ်းမဲ့ သတ္တုတူးခြင်း၊ ရွှေတူးခြင်းတွေကြောင့် မြစ်တွေတိမ်ကောလာပြီး ရေကြီးနစ်မြုပ်ခြင်း၊ ကမ်းပါးပြိုခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးအခါရေကြီးပြီး၊ နွေအခါ သောင်ထွန်းမှုတွေဟာ နှစ်ပေါင်းများစွာ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနဲ့ ထိန်းသိမ်းမှုတွေ Waterway Channel Management နဲ့ River Training တွေ မလုပ်ခဲ့လို့ ဖြစ်ပါတယ်။

ကမ်းပြိုမှုတွေကြောင့် ပြည်သူအများ ထိခိုက်မှုလျော့ပါးစေရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို လက်ရှိမှာ ဆောင်ရွက်နေပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ အဓိကရောဂါကို မကုနိုင်ဘဲ လတ်တလော ပေါ်ပေါက်လာတဲ့ အနာတွေကို ဖြေရှင်းနေရတာ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ရန်ပုံငွေနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စုစုပေါင်း ၁၃၃ ခု ဆောင်ရွက်လျက်ရှိပါတယ်။

### ကမ္ဘာ့ဘဏ် အကူအညီ

ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ လုပ်ငန်းခုနစ်ခု၊ အရေးပေါ်ရန်ပုံငွေနဲ့ လုပ်ငန်း ၁၃ ခုကိုလည်း စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ဘဏ် အကူအညီနဲ့ မန္တလေး- ညောင်ဦးအပိုင်း မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲနေပါတယ်။

လက်ရှိမှာလည်း မန္တလေးရေလမ်းကောင်းမွန်ရေးကို စတင် ဆောင်ရွက်လျက်ရှိပါတယ်။ ကမ်းပြိုကာကွယ်မှုများကို ကုန်ကျစရိတ် သက်သာစွာဆောင်ရွက်နိုင်ဖို့ ဗာတီဗာမြက်ငါးသောင်းကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ စမ်းသပ်စိုက်ပျိုးလျက်ရှိပါတယ်။ အောင်မြင်ရင်ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းအပိုင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကို ကော်ပိုရေးရှင်းဆန်ဆန် ဆောင်ရွက်ရမှာ ဖြစ်ပေမယ့် ရပ်တည်ဖို့ ခက်ခဲခြင်းနဲ့ ရေယာဉ်များ သက်တမ်းလွန် အိုမင်းဟောင်းနွမ်းနေခြင်းတို့ကြောင့် ဘဏ္ဍာရေးအခက်အခဲဖြစ်နေတာကြောင့် ဝန်ထမ်းများ ထိခိုက်မှုမရှိစေဖို့ ပြည်ထောင်စုဘတ်ဂျက်ကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။

နောင်မှာ ချင်းတွင်းရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရခိုင်ရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီကုန်စည်ပို့ဆောင်ရေးလုပ်ငန်း စသည်ဖြင့် အများပိုင်ကုမ္ပဏီ ထူထောင်ခြင်း၊ ဖက်စပ်ကုမ္ပဏီ ထူထောင်ခြင်း၊ ကော်ပိုရိတ်ဖွဲ့စည်းခြင်းတို့ကို စနစ်တကျ ပြင်ဆင်ပြောင်းလဲပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ၂၀၁၅ ခုနှစ်က သင်္ဘောနစ်မြုပ်ပြီးတဲ့နောက် အစားထိုးပြေးဆွဲဖို့ သင်္ဘောမရှိလို့ ဂျပန်နိုင်ငံနဲ့ ညှိနှိုင်းခဲ့တဲ့အတွက် အသုံးပြုဆဲ ရေယာဉ်နှစ်စင်း၊ အသစ်တည်ဆောက်ပေးတဲ့ တစ်စင်း စုစုပေါင်း သုံးစင်း ရရှိမှာ ဖြစ်ပါတယ်။ အသုံးပြုဆဲ ပထမရေယာဉ်ဟာ အခုမတ်လနဲ့ ဒုတိယရေယာဉ်ဟာ မေလတို့မှာ ရရှိမှာဖြစ်ပါတယ်။ အသစ်ဆောက်တဲ့ ရေယာဉ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ရရှိမှာဖြစ်ပါတယ်။ ပထမရေယာဉ်ရရှိပြီးတာနဲ့ မတ်လကုန်က စတင်ပြီး ရခိုင်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

### ရေးဆွဲထား

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကဏ္ဍ တိုးတက်လာဖို့ ကုန်သေတ္တာတွေ တင်/ချနိုင်တဲ့ ဆိပ်ကမ်းခြောက်ခုကို ဧရာဝတီမြစ်ပေါ်မှာ ဗန်းမော်၊ မန္တလေး၊ ပခုက္ကူ၊ မကွေး၊ ချင်းတွင်းမြစ်ပေါ်မှာ မုံရွာနဲ့ကလေးဝတို့မှာ တည်ဆောက်ဖို့ National Transport Master Plan မှာ ရေးဆွဲထားတဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပထမဦးစားပေးဆိပ်ကမ်းကို မန္တလေးမှာ အရင်ဆုံး တည်ဆောက်ဖို့ နေရာရွေးချယ်ပြီး ဖြစ်ပါတယ်။ Container သင်္ဘောပြေးဆွဲနိုင်ဖို့ ရန်ကုန် - ဆီမီးခုံအကြား စမ်းသပ်ပြေးဆွဲပြီး ဖြစ်ပါတယ်။ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံရဲ့ ချေးငွေရရှိရေးကို စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကတစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးအကြား ကုန်သေတ္တာကုန်စည်တွေကို ရေကြောင်းနဲ့ စရိတ်စကသက်သာစွာ ပို့ဆောင်နိုင်ဖို့ မန္တလေးဆိပ်ကမ်းကို ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထားပြီးစီးရေး အလျင်အမြန် ဆောက်လုပ်သွားမှာဖြစ်ပါတယ်။

### ဆိပ်ခံတံတား

ဆိပ်ကမ်းနဲ့ပတ်သက်လို့ သီလဝါမှာ မီတာ ၄၀၀ ရှည်တဲ့ ဆိပ်ခံတံတားကို ဂျပန် ODA ချေးငွေနဲ့ ဆောင်ရွက်နေပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပြီးစီးမှာဖြစ်ပြီး ယခု ၂၁ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ပြီးရင် ပုဂ္ဂလိက Operator က စီမံ ခန့်ခွဲမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျန်ရှိတဲ့ မီတာ ၆၀၀ ကိုလည်း ဆိပ်ခံတံတားတည်ဆောက်နိုင်ဖို့ ရင်းနှီးမြှုပ်နှံသူ ရှာဖွေနေပါတယ်။

ရန်ကုန်မြစ် ရေလမ်းကြောင်းကို လိုအပ်တဲ့ ရေအနက်ရရှိစေဖို့ အိတ်ဖွင့်တင်ဒါခေါ်ယူထားပြီး ဖြစ်ပါတယ်။ အရေးပေါ်ဖြစ်တဲ့ Elephant Point ရေလမ်းကြောင်း သောင်တူးဖော်မှုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ လေကြောင်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်ပြီး ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ။ လေကြောင်းအနေနဲ့ကတော့ ဒီနှစ်ထဲမှာ မြစ်ကြီးနားလေဆိပ် ခန်းမဆောင်သစ် ဖွင့်လှစ်ခဲ့ပါတယ်။ စစ်တွေ၊ သံတွဲ၊ လားရှိုး၊ လွိုင်ကော်ခန်းမဆောင်သစ်များ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တစ်စိတ်တစ်ပိုင်းချင်း တိုးချဲ့ပြင်ဆင်ဆောက်လုပ်လျက်ရှိပေမယ့် လက်ရှိတိုးတက်လာတဲ့ ခရီးသည်အရေအတွက်၊ လေယာဉ်အရေအတွက်နဲ့ နှိုင်းယှဉ်ရင် နောင်ခုနစ်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်တစ်ခု လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်တစ်ခု တည်ဆောက်ဖို့ တပ်မတော်အစိုးရနဲ့ ယခင်အစိုးရလက်ထက်တွေမှာ ရှာဖွေဆောင်ရွက်ခဲ့ကြပါတယ်။

နေ့စဉ် ရေချိုဂါလန် တစ်သန်းခန့် ရရှိနိုင်မှု၊ လျှပ်စစ်မီးရရှိနိုင်မှု၊ မြေဧက ၉၀၀၀ ရရှိထားမှုတို့ကြောင့် ရန်ကုန်မြို့နဲ့ အတန်ငယ်ဝေးကွာပေမယ့် ဟံသာဝတီလေဆိပ်ကို ဆောက်လုပ်ဖို့ လိုအပ်လာပါတယ်။ အရင်းအနှီးကြီးမားပေမယ့် PPP အစီအစဉ်နဲ့အညီ ဆောက်လုပ်မည့် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံတကာအဖွဲ့အစည်းလည်း ရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်အသုံးပြုခွင့်တွေကို ညှိနှိုင်းလျက်ရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ ODA ချေးငွေရရှိခဲ့ရင် အလျင်အမြန် အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

### PPP Law တစ်ခု လိုအပ်

ခရီးသည် များပြားစွာဝင်ရောက်တဲ့ လေဆိပ်အချို့ကို အဆင့်မြှင့်တင်ဖို့ လိုအပ်လာရင် ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး PPP အစီအစဉ်နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ PPP Program တွေကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့ PPP Law တစ်ခု လိုအပ်လျက်ရှိပါတယ်။ အဲဒီအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ရေးဆွဲတင်ပြမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီတွေအနေဖြင့် ဥပဒေနဲ့အညီ လာရောက် ရင်းနှီးမြှုပ်နှံလာကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းတွေကို စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ဖို့ (Commercialization)၊ ကော်ပိုရိတ်ဖွဲ့စည်းဖို့ (Corporatization) လိုအပ်တဲ့အတွက် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေးဥပဒေ SOE Reform Law (သို့မဟုတ်) Corporatization Law ရေးဆွဲဖို့ လိုအပ်လျက်ရှိပါတယ်။

အချပ်ပို(ဇ)သို့




တိုးချဲ့တည်ဆောက်ထားသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြည်တွင်းခရီးသည်များ စကြံဆောင်



ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းအဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်

**အချုပ်ပို(ဆ)မှ**

**စီးပွားရေးဆန်ဆန်**

မြန်မာအမျိုးသားလေကြောင်းဟာ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ဖို့ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ရပ်တည်တဲ့ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ကော်ပိုရေးရှင်းအသွင် ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသွားပြည်သူတွေကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ပေးနိုင်ဖို့ လေယာဉ်သစ်တွေကိုလည်း ဖြည့်တင်းခဲ့ပါတယ်။

အခု ATR လေယာဉ်ကိုးစင်း၊ Boeing 737-800 လေးစင်း၊ Embraer-190 နှစ်စင်း၊ Grand Caravan နှစ်စင်းတို့ ရှိလာပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည် ငါးသိန်းနှစ်သောင်းကျော်၊ ယခုဘဏ္ဍာရေးနှစ် ဇန်နဝါရီလကုန်အထိ ခရီးသည် ရှစ်သိန်းခွဲကျော် ပို့ဆောင်ထားပါတယ်။ လေယာဉ်လက်မှတ်ကိုလည်း တစ်ကမ္ဘာလုံးမှ Online စနစ်နဲ့ ဝယ်ယူနိုင်အောင် စီစဉ်ထားလို့ နှစ်ကုန်ရင် ခရီးသည်နှစ်ဆ တိုးတက်ပို့ဆောင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

**မေး။ ။ ဆက်သွယ်ရေးကဏ္ဍကိုလည်း ရှင်းပြပေးပါ ခင်ဗျာ။**

ဖြေ။ ။ ဆက်သွယ်ရေးကဏ္ဍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း ကော်ပိုရိတ်ဖွဲ့စည်းဖို့ လိုအပ်နေပါတယ်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့ကိုလည်း ကော်ပိုရိတ်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ကော်ပိုရေးရှင်းဆိုတာ နိုင်ငံပိုင်အဖွဲ့အစည်းများသာဖြစ်ပြီး စီးပွားရေးအရ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်အောင် စီမံခန့်ခွဲမှုအပိုင်းကို ပြင်ဆင်ခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံပိုင်၊ အများပိုင်အဖြစ် ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူဝါဒနဲ့ ဥပဒေအတိုင်း ကြီးကြပ်သွားမှာ ဖြစ်ပါတယ်။

**မြန်မာဂြိုဟ်တုစနစ် စီမံကိန်း**

ဆက်သွယ်ရေးကဏ္ဍအနေနဲ့ ပြီးခဲ့တဲ့ မေလအတွင်း Intelsat Global Sale and Marketing Ltd နဲ့ ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုခဲ့ပြီး မြန်မာဂြိုဟ်တုစနစ် စီမံကိန်း Myanmar Sat 1 ကို တည်ထောင်ခဲ့ပါတယ်။ ဂြိုဟ်တုလိုင်းများကို ဝန်ကြီးဌာနများနဲ့ ပုဂ္ဂလိကကုမ္ပဏီများကို သက်သာသောနှုန်းထားနဲ့ တစ်ဆင့်ပြန်လည် ငှားရမ်းသွားဖို့ ဆောင်ရွက်လျက်ရှိပါ တယ်။

2600 MHz လှိုင်းနှုန်းစဉ်ကို ပွင့်လင်းစွာလေလံခေါ်ယူခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၁၆ သန်း လေလံအောင်မြင်ခဲ့ပါတယ်။ လှိုင်းနှုန်းစဉ် အသုံးပြုခအဖြစ် ယခုဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ဘဏ္ဍာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၇၄ သန်း ရရှိခဲ့ပါတယ်။ 1800 MHz လှိုင်းနှုန်းစဉ်ကိုလည်း ဆက်သွယ်ရေး အော်ပရေတာ လေးဦးကို ပုံသေနှုန်းထားစနစ်နဲ့ သတ်မှတ်ပြီး၊ လာမည့်ဘဏ္ဍာနှစ်မှာ အသုံးပြုခတွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ အော်တိုတယ်လီဖုန်းနဲ့ မိုဘိုင်းတယ်လီဖုန်းများ ၄၄ လေးသန်းကျော်၊ သိပ်သည်းဆ ၈၆ ဒသမ ၂၀ ရာခိုင်နှုန်းရှိရာမှ ယခုနှစ် ဇန်နဝါရီလကုန်အထိ တယ်လီဖုန်း ၅၄ သန်းကျော် တပ်ဆင်ခဲ့ပြီး၊ သိပ်သည်းဆဟာ လူဦးရေရဲ့ ၁၀၄ ဒသမ ၆၂ ရာခိုင်နှုန်းကို တိုးတက်လာခဲ့ပါတယ်။

**တစ်နိုင်လုံး လွှမ်းခြုံနိုင်ရေး**

အင်တာနက်သုံးစွဲမှု အနေနဲ့ လည်း အရင်နှစ်က လူဦးရေ ၃၆ သန်းကျော် သိပ်သည်းဆ ၇၀ ဒသမ ၆၀ ရာခိုင် နှုန်းရှိရာမှ ဇန်နဝါရီလကုန်အထိ ၄၆ သန်းကျော် သိပ်သည်းဆ ၈၈ ဒသမ ၉၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာပါတယ်။ Mobile ကွန်ရက်များ တစ်နိုင်လုံး လွှမ်းခြုံနိုင်ရေးအတွက် Mobile Tower တိုင် စုစုပေါင်း ၁၆၉၆၅ ဆောက်လုပ်ဖို့ရှိရာမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိ ဆောက်လုပ်ပြီး ၁၄၈၇၂ တိုင်၊ ဆောက်လုပ်ဆဲ ၄၄၁ တိုင်၊ ပြင်ဆင်ဆဲ ၁၆၂၃ တိုင် ဖြစ်ပါတယ်။ Fiber Cable ဆက်သွယ်မှုအနေနဲ့ စုစုပေါင်း ၃၅၃၆၂ ဒသမ ၂၇ ကီလိုမီတာ တည်ဆောက်ထားရှိပြီး ၁၀၇၃၀ ဒသမ ၀၂ ကီလိုမီတာအား ထပ်မံတည်ဆောက်လျက်ရှိပါတယ်။

**မေး။ ။ စာတိုက်လုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ စာတိုက်လုပ်ငန်း ဖွံ့ဖြိုးလာစေဖို့ ဂျပန်နိုင်ငံ အကူအညီကို ရယူဆောင်ရွက်လျက်ရှိသလို ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းများကို မှတ်ပုံတင်စနစ်နဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်တွေကို ခွင့်ပြုလုပ်ကိုင်စေလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အထိမ်းအမှတ်နေ့ရက်တွေအတွက် စာပို့တံဆိပ်ခေါင်းများ၊ ပို့စ်ကတ်များကိုလည်း အထူးထုတ်လုပ်ပေးလျက်ရှိပါတယ်။ ငွေပို့လွှာလုပ်ငန်း၊ Online Shopping နဲ့ Mobile Money လုပ်ငန်းများ တိုးချဲ့ဖို့ ရှိပါတယ်။

**ရှာဖွေထောက်လှမ်း**

**မေး။ ။ မိုးလေဝသနဲ့ ဇလဗေဒကဏ္ဍ ဆောင်ရွက်နေမှုများကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ မိုးလေဝသနဲ့ ဇလဗေဒကဏ္ဍအနေနဲ့ကတော့ မုန်တိုင်းရဲ့ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နဲ့တစ်ပြေးညီ ထောက်လှမ်းပြီး သတိပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ဖို့ မိုးလေဝသရေဒါသုံးလုံးကို ဂျပန်နိုင်ငံ အကူအညီနဲ့ တပ်ဆင်ခဲ့ပါတယ်။ ပထမရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ကျောက်ဖြူမြို့နယ် ကင်းရွာနဲ့ ဒုတိယရေဒါကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ရန်ကုန်မြို့ ကမ္ဘာအေးမှာ တပ်ဆင်ပြီးဖြစ်လို့ မုန်တိုင်းဖြစ်ပေါ်မှုများကို သုံးနာရီ တစ်ကြိမ် တစ်နေ့ ရှစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိပါတယ်။

မန္တလေးရေဒါကို ၂၀၁၇ ခုနှစ် မေလမှာ တပ်ဆင်ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါတယ်။ ရေဒါသုံးလုံးနဲ့အတူ အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ ကိုလည်း ဂျပန် နိုင်ငံရဲ့ အကူအညီနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် အားလုံးမှာ တစ်ပြိုင်တည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။

**တိုင်းတာရေးစခန်း**

မြန်မာနိုင်ငံတစ်ဝန်းမှာ အရင်က မိုးလေဝသနဲ့ ဇလဗေဒစခန်း၊ မြေလျှင်စခန်း စုစုပေါင်း ၁၈၈ ခုရှိရာမှ ယခုနှစ်အတွင်း မိုးလေဝသစခန်း(မြောက်ဦး)နဲ့ ဇလဗေဒစခန်း (မြဝတီ)တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ယခင် ဇလဗေဒတိုင်းတာ ရေးစခန်း ခုနစ်ခုကိုလည်း ခန့်မှန်းရေး ထုတ်ပြန်တဲ့စခန်းများအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ညောင်ရွှေမိုးလေဝသနဲ့ ဇလဗေဒစခန်းအသစ်ကို ၂၀၁၇ ခုနှစ် မတ်လကုန်မှာ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနဲ့ လူမှုရေးလိုအပ်ချက်တွေကို အထောက်အကူပြုနိုင်ဖို့၊ ပို့ဆောင်ရေးကဏ္ဍ အသုံးပြုသူများက စိတ်တိုင်းကျရွေးချယ်နိုင်ပြီး သူတို့ရဲ့ လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်တဲ့ အစိုးရစွက်ဖက်မှုကင်းတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေဖို့ ရည်မှန်း ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်သွယ်ရေးကဏ္ဍကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ် အနှံ့အပြား အထူးသဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ နာဂတောင်တန်းစတဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသတွေအထိ ဆက်သွယ်မှုကွန်ရက်ရောက်ရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ။



ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် အခြေထိန်းရေမျောရေတား ဝါးထရံခင်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်